# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေ ပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ စနေနေ့။ Saturday, 25 March 2023 ၁၁၀၅၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်

# နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို စနစ်တကျဖြင့် အောင်မြင်အောင် စီမံဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဖော်ဆောင်ပေးနိုင်မည်

နေပြည်တော် မတ် ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰





ကြေးမုံ

# နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူအတွက် တပ်မတော်၏ဆောင်ရွက်ချက်

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့်အတူလက်တွဲ၍ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင်လည်း တပ်မတော်သည် ပင်မဏ္ဍိုင်ဖြစ်ခဲ့သည်။ ထူးခြားချက်မှာ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် ပြည်သူများဆန္ဒဖြစ်သည့် ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရာ၌ ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာထမ်းရွက်နေခြင်းဖြစ်သည်။

လွတ်လပ်ရေးရရှိပြီး နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေရခြင်း၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ကျရောက်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း အကြောင်းရင်းများကို ဆန်းစစ်ကြည့်လျှင် လွတ်လပ်ရေးရပြီးကာလ ပြည်တွင်းသောင်းကျန်းမှုများမှစ၍ ဝါဒရေး၊ ဂိုဏ်းဂဏအရေး၊ လူမျိုးရေးစသည့်သမိုင်းတို့ကို ကိုယ့်ခံယူချက်ရှုထောင့်မှကြည့်၍ ပုံဖော်နေမှု၊ နိုင်ငံရေးကိုအကြောင်းပြု၍ ပြည်ထောင်စုပြိုကွဲအောင်ဖန်တီးမှု၊ တိုင်းဆူပြည်ဖျက် အဖျက်လုပ်ရပ်များ လုပ်ကိုင်နေမှု စသည့်အကြောင်းများသည် အဓိကကျသောအချက်များဖြစ်သည်ဟု ရှုမြင်နိုင်မည်ဖြစ်သည်။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည့် ပြည်ပအန္တရာယ်များကို ကာကွယ်ရန်နှင့် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရေးဖြစ်သည်။ နိုင်ငံတကာရှိ တပ်မတော်တိုင်းသည် ပြည်ပရန်စွယ်အန္တရာယ်များကို အစဉ်သတိမပြတ်ကာကွယ်လျက်ရှိပြီး ရဲတပ်ဖွဲ့သည် ပြည်တွင်းလက်နက်ကိုင်အကြမ်းဖက်မှုများ၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းပေးရသည်။ မြန်မာနိုင်ငံအနေဖြင့် နောက်ခံသမိုင်းကြောင်း အခြေအနေအမျိုးမျိုးအရ တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းရေးနှင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့အတွက် ဝင်ရောက်တာဝန်ထမ်းဆောင်နေရသည်။

ပထဝီနိုင်ငံရေးနှင့်ပြည်တွင်းနိုင်ငံရေးအခြေအနေအရ တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သမိုင်းပေးတာဝန်အဖြစ် ဆက်လက်၍ ကျေပွန်စွာထမ်းရွက်ရန် လိုအပ်ပေသည်။ ပြည်ပအန္တရာယ်ကာကွယ်ရေးအတွက်လည်း ခေတ်မီတပ်မတော်ဖြစ်စေရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်နေသည်ကိုတွေ့ရသည်။ စည်းလုံးညီညွတ်သည့်တပ်မတော်၊ အင်အားတောင့်တင်းခိုင်မာသည့်တပ်မတော်၊ စွမ်းရည်ပြည့်ဝသည့်တပ်မတော်၊ စည်းကမ်းကောင်းမွန်သည့်တပ်မတော်ဖြစ်စေရေးတို့ကို အမြဲမပြတ်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများဆန္ဒဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ် တည့်မတ်ခိုင်မာအောင် တည်ဆောက်ပေးလျက်ရှိသည်။

သို့ရာတွင် မြန်မာ့နိုင်ငံရေးအခြေအနေကို ပကတိအရှိ အမှန်တရားအတိုင်း မမြင်စေလိုဘဲ ပြောင်းပြန်လှန်၍ တပ်မတော်အပေါ် ပုတ်ခတ်မှုများ၊ တိုက်ခိုက်မှုများ အစဉ်အဆက်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် ပြည်ပမှ အပြုသဘောမဆောင်သည့် နိုင်ငံရေးသမားများ၊ နိုင်ငံရေးအသုံးချခံ ပြည်ပအခြေစိုက်မီဒီယာများ၊ မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ပါဝင်ခဲ့ကြသူအချို့၊ ပြည်တွင်း၌ နိုင်ငံရေးလောင်းရိပ်မိနေသူများ၊ ပုဂ္ဂိုလ်ရေး ရှေ့တန်းတင်သူများ၊ နိုင်ငံရေးကိုအသုံးချ၍ အာဏာရရှိရေးကြိုးပမ်းနေသူများကို မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက်တွင် တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားအတွက် စွမ်းစွမ်းတမံထမ်းရွက်ခဲ့သော၊ ထမ်းရွက်ဆဲဖြစ်သော တပ်မတော်ကို ပုတ်ခတ်တိုက်ခိုက်နေခြင်းသည် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးခြင်းဖြစ်စေသည်ကို တွေ့ရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တပ်မတော်သည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများကို အစဉ်ကာကွယ်စောင့်ရှောက်နေမည်ဖြစ်သည်။ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်တွင်ပါရှိသည့်အတိုင်း ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

တပ်မတော်သည် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါသဘောတူညီချက်များအတိုင်း အလေးထားလုပ်ဆောင်လျက်ရှိပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆောင်ရွက်နေမှုများသည် နိုင်ငံတော်နှင့်ပြည်သူများအပေါ် ထားရှိသည့် စစ်မှန်သောစေတနာများဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## သတိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ၂၇-၃-၂၀၂၃ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် ရန်ကုန်-မန္တလေး လမ်းဟောင်း ပျဉ်းမနားမြို့နယ် ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် ၅ နာရီမှ ၁၀ နာရီထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့တွင် နေပြည်တော်-ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း (မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းအထိ ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း ကုမုဒြာကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ် ပန်းခင်းလမ်းမီးပွိုင့်-ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန်-မန္တလေး လမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## အစိုးရဓမ္မာစရိယစာမေးပွဲ (စတုတ္ထနေ့)ကျင်းပ

နေပြည်တော် မတ် ၂၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (စတုတ္ထနေ့) တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ ဌာနတို့၌ စာဖြေစာရင်းသွင်း ၁၃၈၈၀ အနက် ၁၁၀၂၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၄၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၁၀၀ | ၃၈၆ | ၃,၁၂၈,၇၀၀ |
| MTSH | ၃,၁၅၀ | ၃,၀၅၀ | ၂,၁၃၁ | ၆,၆၂၂,၅၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၁ | ၇,၃၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁,၀၁၂ | ၁,၅၆၈,၆၀၀ |
| TMH | ၂,၆၀၀ | ၂,၅၅၀ | ၃၀ | ၇၇,၀၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၄၈၀ | ၁,၂၇၂,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၆ | ၂၉,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၅၁.၈ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၅.၃၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၄၉၃ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၉၉ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၆၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၉၄.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၄.၀ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၆၁၇.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၂၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အလေးထား စဉ်းစားဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကာကွယ်ရေးတို့အတွက် အစီအမံများချမှတ်ဆောင်ရွက်ရကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ချိန်တွင် ရည်မှန်းချက်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ဆောင်ရွက်နေရသည့် အခန်းကဏ္ဍသည် နိုင်ငံတော်အဆင့်ဆောင်ရွက်နေရခြင်းဖြစ်သောကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အလေးထား စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့အစိုးရသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ၂၀၂၁ ဖေဖော်ဝါရီမှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး နိုင်ငံတော်၏တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းရန်အတွက် ရိုးသားစွာဖြင့် တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်ခဲ့မှုများသည် သမိုင်းမှတ်တမ်းများတွင် ကျန်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်များကို ထမ်းဆောင်ချိန်တွင် ရိုးသားစွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

**ထိန်းသိမ်းဆောင်ရွက်ခဲ့ရ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဆန္ဒထုတ်ဖော်မှုများ ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုနှင့် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာခြင်းကြောင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် အချို့သော EAO အဖွဲ့အစည်းများအနေဖြင့်လည်း ၎င်းအခြေအနေကို အခွင့်ကောင်းယူ၍ အကြမ်းဖက်သမားများကို မီးလောင်ရာလေပင့် မြှောက်ပင့်သွေးထိုး ဆောင်ရွက်ခဲ့မှုများကြောင့် မိုင်းထောင်ဖောက်ခွဲခြင်း၊ အကြမ်းဖက်လုယက်သတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်း၊ ရုံးဌာနအဆောက်အဦများကို မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများကို အကြမ်းဖက်သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ အဆိုပါအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုများလည်း ပြင်းထန်လျက်ရှိသည့်အချိန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရာ ကူးစက်မှုများနှင့် သေဆုံးမှုများကျဆင်းသွားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများသည်လည်း ၂၀၂၂ ခုနှစ် ဧပြီလနောက်ပိုင်းတွင် လျော့နည်းသွားခဲ့ကြောင်း၊ နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်သည့် နိုင်ငံဖြစ်ပြီး စားသောက်ကုန်များ စဉ်ဆက်မပြတ် ထုတ်လုပ်မှုရှိနေသောကြောင့် စားသောက်ကုန်များ ပြတ်လပ်မှု မရှိခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးအရ နိုင်ငံတော်ကို အရေးပေါ်ကြေညာပြီး တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်သည့် အချို့သောပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတချို့က အစိုးရ၏အုပ်ချုပ်မှုယန္တရားနှင့် ဘဏ်လုပ်ငန်းစနစ်များ ပြိုလဲစေရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် ထိုးနှက်တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့် ဘဏ်စနစ်များ ထိခိုက်ပြိုလဲမှုများ မဖြစ်ပေါ်စေရေး အခက်အခဲများကြားမှ ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် လည်ပတ်သုံးစွဲငွေများ ပုံမှန်အတိုင်း ပြန်လည်ဖြစ်ပေါ်ခဲ့ကြောင်း။

**တဖြည်းဖြည်းကျဆင်းလာ**

၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ နိုင်ငံ့စီးပွားရေးသည် တဖြည်းဖြည်းကျဆင်းလာခဲ့ကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ပြည်တွင်း စီးပွားရေးအားပေးမှုနှင့် စီမံခန့်ခွဲရေးပိုင်းတို့တွင် အားနည်းခဲ့ခြင်းကြောင့် ၂၀၂၀- ၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏ ဂျီဒီပီသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်နေသည့် အခက်အခဲများကြားမှ မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အောက်တိုဘာမှ မတ်လအထိ ပထမခြောက်လပတ်ကာလတွင် နိုင်ငံ၏ဂျီဒီပီမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခြင်းကြောင့် နိုင်ငံ၏စီးပွားရေးတိုးတက်လာခြင်းပင်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပြီး ဆက်လက်ပြီး တိုးတက်မှုများရှိမည်ဟု ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ခန့်မှန်းထားကြကြောင်း။

ထိုသို့နိုင်ငံ၏ ဂျီဒီပီများတိုးတက်လာခြင်းသည် မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်အတွက် စေတနာထား၍ ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် မြေသယံဇာတများကို အကျိုးရှိရှိအသုံးချနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အများစုမှာ စပါးကိုစိုက်ပျိုးကြပြီး မိုးစပါး စိုက်ဧကမှာ ၁၅ သန်းခန့်ရှိပြီး နွေစပါးစိုက်ဧကမှာ သုံးသန်းခန့်ရှိကြောင်း၊ မိုးစပါးစိုက်ဧက ၁၅ သန်းတွင် လယ် ၁၃ ဒသမ ၂ သန်းကျော်ရှိကြောင်း၊ ကျန်စိုက်ပျိုးမှုများမှာ ယာ၊ တောင်ယာ၊ အခြားမြေများဖြစ်ကြောင်း၊ ယင်း ၁၃ ဒသမ ၂ သန်းအနက် တစ်သီးသာ စိုက်သည့်မြေဧက ငါးသန်းခန့်ရှိနေကြောင်း၊ ယင်းမြေများကို သီးထပ်စိုက်ပျိုးနိုင်ရန်ကြိုးစားရမည်ဖြစ်ကြောင်း၊ အလားတူပဲ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများကိုလည်း စိုက်ပျိုးကြရန်လိုကြောင်း၊ စပါး၊ ပဲ၊ ဆီထွက်သီးနှံများနှင့် အခြားသီးနှံများကို ပန်းတိုင်အထွက်နှုန်း ပြည့်မီစွာထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်၍ မြေကို အကျိုးရှိရှိအသုံးချကြရန်လိုကြောင်း။

**နိုင်ငံခြားငွေသုံးစွဲကုန်ကျမှု များပြားလျက်ရှိ**

စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ စားသုံးဆီလိုအပ်ချက်များကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲကုန်ကျမှုများပြားလျက်ရှိကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေး မိမိအနေဖြင့် စဉ်ဆက်မပြတ် တိုက်တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးပြည့်စုံမည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရန်နှင့် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဒုတိယအချက်အနေဖြင့် မူလစိုက်ပျိုးမြေဖြစ်သော်လည်း စိုက်ပျိုးမှုမရှိသည့် မြေများကို ပြန်လည်စိုက်ပျိုး၍ စိုက်ဧကတိုးချဲ့နိုင်ပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုသည် များစွာတိုးတက်ပြောင်းလဲသွားမည်ဖြစ်ကြောင်း။

နေကြာစိုက်ပျိုးမှုနှင့်ပတ်သက်၍ နေကြာဆီသည် မိမိတို့နိုင်ငံ၏ အဓိကစားသုံးဆီတွင် ပါဝင်ခြင်းမရှိကြောင်း၊ မူလက ပဲဆီနှင့် နှမ်းဆီကိုသာအဓိကစားသုံးကြပြီး နောက်ပိုင်းတွင်ဈေးနှုန်းသက်သာသည့် စားအုန်းဆီများကို စားသုံးလာကြကြောင်း၊ နေကြာဆီသုံးစွဲမှုမှာ နည်းပါးကြောင်း၊ မိမိတို့နိုင်ငံရှိ စပ်မျိုးနေကြာမှာ တစ်ဧကလျှင် အထွက်နှုန်း တင်း ၅၀ ကျော်၊ ဆီပိဿာ ၁၄၀ ခန့်အထိထွက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ နေကြာများကို တိုးချဲ့စိုက်ပျိုးမည်ဆိုပါက နိုင်ငံ၏စားသုံးဆီလိုအပ်ချက်ကို ပြည့်မီအောင်ဆောင်ရွက်နိုင်ကြောင်း၊ အလားတူပဲ၊ နှမ်းနှင့် အခြားဆီထွက်သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးမည်ဆိုပါက စားသုံးဆီလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း စားသုံးဆီများဖူလုံမှုရှိပါက နိုင်ငံခြားငွေသုံးစွဲမှုများ နည်းပါးသွားမည်ဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး အလေးအနက်ထား ဆောင်ရွက်ကြစေလိုကြောင်း။

**ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန်**

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ လက်ရှိထွက်ရှိနေသည့် အထွက်နှုန်းထက် ပိုမိုတိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်းလေးမျိုးဖြင့် စနစ်တကျ စိုက်ပျိုးဆောင်ရွက်မည်ဆိုပါက တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ စပါးတစ်ဧကလျှင် ပျမ်းမျှ ငါးတင်းခန့် ပိုမိုထွက်ရှိလာမည်ဆိုပါက စိုက်ပျိုးဧက ၁၃ ဒသမ ၂ သန်းတွင် စပါးတင်း ၆၆ သန်းပိုမိုထွက်ရှိမည်ဖြစ်သဖြင့် တစ်တင်းလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် တွက်ချက်မည်ဆိုပါက ငွေကျပ် ၆၆၀ ဘီလီယံ၊ တစ်သောင်းခွဲနှုန်းဖြင့် တွက်ချက်မည်ဆိုပါက ၉၉၀ ဘီလီယံ ရရှိမည်ဖြစ်ကြောင်း၊ ထိုသို့စပါးတစ်ဧကလျှင် ငါးတင်း ပိုမိုထွက်ရှိအောင်စိုက်ပျိုးနိုင်မည်ဆိုပါက စပါးစိုက်တောင်သူများ ဝင်ငွေပိုမိုတိုးတက်ရရှိလာမည်ဖြစ်ပြီး ဝယ်လိုအားတက်လာမည်ဖြစ်သဖြင့် နိုင်ငံအတွင်း လည်ပတ်သုံးစွဲငွေများ တိုးတက်လာပြီး တိုင်းပြည်၏ စီးပွားရေးအားသည် ယခင်ကထက် ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ GDP သည်လည်း တက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ဖူလုံပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများလည်း ရရှိလာမည်ဖြစ်ပြီး ပြည်ပမှ နိုင်ငံခြားငွေကြေးသုံးစွဲ၍ တင်သွင်းနေရသည့် မဖြစ်မနေလိုအပ်သည့် ပစ္စည်းများကို ပိုမိုတင်သွင်းလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေရှည်ကိုကြည့်၍ သုံးသပ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားလိုကြောင်း။

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ တိုင်းပြည်၏ အဓိကစိုက်ပျိုးသည့် သီးနှံများအနက် ဝါသည်တစ်ခုအပါအဝင်ဖြစ်ပြီး ၄ ဒသမ ၅ သိန်း ဧက စိုက်ပျိုးကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဧက ရှစ်သိန်းအထိ စိုက်ပျိုးခဲ့ပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးမှုရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ယခင်နှစ်ဝါထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ၄၃၈ ဒသမ ၅ ပိဿာနှုန်းဖြင့် စုစုပေါင်း ဝါပိဿာချိန် ၁၉၈ ဒသမ ၇ သန်းရရှိခဲ့ပြီး ယခုလက်ရှိတွင် နိုင်ငံ၏ဝါလိုအပ်ချက်သည် ပိဿာပေါင်း ၃၆၃ သန်း လိုအပ်ချက်ရှိကြောင်း၊

စာမျက်နှာ ၄ သို့ ☆

**☆ မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အောက်တိုဘာမှ မတ်လအထိ ပထမခြောက်လပတ်ကာလတွင် နိုင်ငံ၏ဂျီဒီပီမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့**

**☆ အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးတိုးတက်လာခြင်းပင်ဖြစ်**

**☆ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပြီး ဆက်လက်ပြီး တိုးတက်မှုများရှိမည်ဟု ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ခန့်မှန်းထား**

**☆ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် မြေသယံဇာတများကို အကျိုးရှိရှိအသုံးချနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ပေးရန်လို**

**☆ စပါး၊ ပဲ၊ ဆီထွက်သီးနှံများနှင့် အခြားသီးနှံများကို ပန်းတိုင်အထွက်နှုန်းပြည့်မီစွာထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်၍ မြေကို အကျိုးရှိရှိ အသုံးချကြရန်လို**

☆ စာမျက်နှာ ၃ မှ

ထို့ကြောင့် ပိသာချိန်ထက်ဝက်နီးပါးခန့် လိုအပ်ချက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် တစ်ဧကအထွက်နှုန်းကို ပိဿာ ၇၀၀ နှုန်းအထိ ထွက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ယခင်ဝါစိုက်ဧကများအတိုင်း ပြန်လည်စိုက်ပျိုးနိုင်စေရေး လိုအပ်သည်များဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်၍ လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ချည်မျှင်ရှည်ဝါကို အဓိကထား၍ စိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး အရည်အသွေးပြည့်မီသည့် ချည်မျှင်ထွက်ရှိနိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ အရည်အသွေးပြည့်မီမှု မရှိသဖြင့် အဝတ်အထည်များ ရက်လုပ်ရန်အတွက် လိုအပ်သည့်ချည်များကို ပြည်ပမှတင်သွင်းနေရသောကြောင့် ဝါစိုက်ပျိုးမှုတိုးတက်စေရေး ပြုပြင်ပြောင်းလဲမှုများ မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးသည့် ဒေသများအနေဖြင့် ဝါစိုက်ဧကများတိုးချဲ့နိုင်ရေးနှင့် မှန်မှန်ကန်ကန် စိုက်ပျိုးမှုရှိစေရေး၊ ဝါအထွက်နှုန်း ကောင်းမွန်ပြည့်မီစေရေး၊ မျိုးကောင်းမျိုးသန့်များရရှိစေရေးတို့အတွက် စီမံပေးရန်လိုကြောင်း၊ စိုက်ပျိုးသည့်တောင်သူများ၊ အသုံးပြုသည့် လုပ်ငန်းရှင်များနှင့် အစိုးရတို့ သုံးဦးသုံးဖလှယ်ပူးပေါင်း၍ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိအောင်၊ ဝါ အရည်အသွေးကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်း ဝါလိုအပ်ချက်ပြည့်မီစေရေးအတွက် ပြည်ပနိုင်ငံများမှ နည်းစနစ်နှင့် မျိုးကောင်းမျိုးသန့်များရရှိစေရေး အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဝါစိုက်တောင်သူများနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများကလည်း စိတ်ပါဝင်စားစွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**အရည်အသွေးပြည့်မီသည့်ဂျုံများရရှိအောင်**

အလားတူ ဂျုံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဂျုံစိုက်ဧက ၁၃၂၅၀၀ ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးဖြစ်ပြီး ဒုတိယအများဆုံးမှာ ရှမ်းပြည်နယ်ဖြစ်ကြောင်း၊ ဂျုံနှင့်ပတ်သက်၍ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ကြရန်နှင့် အရည်အသွေးပြည့်မီသည့် ဂျုံများရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဂျုံနှင့်ပတ်သက်သည့် စားသောက်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းအများစု၌ ပြည်ပမှ တင်သွင်းသည့် ဂျုံများကိုသာ အများဆုံးအသုံးပြုကြသည်ကိုတွေ့ရှိရပြီး ပြည်တွင်းမှထွက်ရှိသည့် ဂျုံများသည် အရည်အသွေးပိုင်းတွင် ပြည့်မီမှုရှိရန် လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဂျုံစိုက်ပျိုးထုတ်လုပ်မှုများကိုလည်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသားများသည် ဆန်ကို အဓိကထားစားသုံးကြကြောင်း၊ စားသောက်မှုပုံစံကိုပြောင်းလဲ၍ ဂျုံကို နေ့စဉ်တစ်နပ်နှုန်းဖြင့် ထည့်သွင်းစားသုံးမည်ဆိုပါက မိမိတို့နိုင်ငံသားများ၏ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသများအနေဖြင့် စဉ်းစားသုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသအလိုက် မိမိတို့ရရှိထားသည့် မြေသယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မြေကို ကောင်းမွန်မှုရှိအောင် ပြုပြင်ခြင်း၊ ရေရရှိအောင် ဆောင်ရွက်ခြင်းတို့ဖြင့် ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထွက်ရှိနိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ဒေသမှ စိုက်ပျိုးရေးထုတ်ကုန်လုံလောက်မှုမရှိပါက ပြင်ပမှဝယ်ယူသုံးစွဲရမည်ဖြစ်ပြီး ဒေသတွင်း လည်ပတ်သုံးစွဲငွေများလျော့နည်းသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပဲခူးတိုင်းဒေသကြီးအတွက် ငွေကျပ် ရှစ်ဘီလီယံပေးအပ်စဉ်။

မွေးမြူရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် မွေးမြူရေးဆောင်ရွက်မှုများကို စားကျက်မြေများတွင် လွှတ်မွေးသည့်စနစ်ဖြင့် အများဆုံးမွေးမြူကြကြောင်း၊ မွေးမြူရေးစနစ်တွင် လှောင်၍မွေးမြူပြီး အစာကောင်းမွန်စွာ ကျွေးမွေးသည့်စနစ်သည် အကောင်းဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးစနစ်ကိုလည်း ပြုပြင်ပြောင်းလဲ၍ နည်းစနစ်ကျသည့် ခေတ်မီမွေးမြူရေးစနစ်ကို ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက မွေးမြူရေးလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပြီး အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း။

**ပြည်တွင်း ဝါလိုအပ်ချက်ပြည့်မီစေရေးအတွက် ပြည်ပနိုင်ငံများမှ နည်းစနစ်နှင့် မျိုးကောင်းမျိုးသန့်များရရှိစေရေး အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဝါစိုက်တောင်သူများနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများကလည်း စိတ်ပါဝင်စားစွာဖြင့် ကြိုးပမ်းဆောင်ရွက်**

**ဂျုံနှင့်ပတ်သက်၍ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ကြရန်နှင့် အရည်အသွေးပြည့်မီသည့် ဂျုံများရရှိအောင် ကြိုးပမ်းဆောင်ရွက်**

**ပြည်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ခိုင်မာသည့် စီးပွားရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပင်ဖြစ်၊ မဖြစ်မနေလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်စွမ်းအား လိုအပ်ချက်ပြည့်မီစေရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိ**

**အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်**

မိမိတို့အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို စနစ်တကျဖြင့် အောင်မြင်အောင် စီမံဆောင်ရွက်နိုင်မည်ဆိုပါက အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားများ ဝင်ငွေရှိမှသာလျှင် တိုင်းပြည်သာယာဝပြောမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တိုင်းပြည်အတွင်း စားရေရိက္ခာထုတ်လုပ်မှု ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဖော်ဆောင်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံ၏ ရှိရင်းစွဲ အရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို မဖြစ်မနေ အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခင်နှစ်မှစ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ခိုင်မာသည့် စီးပွားရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မဖြစ်မနေ လိုအပ်ချက်များဖြစ်သည့် လျှပ်စစ်စွမ်းအား လိုအပ်ချက်ပြည့်မီစေရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

ရေနံနှင့်ပတ်သက်၍ သယံဇာတများစွာရှိပြီးဖြစ်သဖြင့် စည်းကမ်းစနစ်တကျမရှိဘဲ တူးဖော်ထုတ်လုပ်နေမှုများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လောင်စာဆီနှင့်ပတ်သက်၍ ရေနံနှင့် ရေနံထွက်ပစ္စည်းများကို နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ဖ၀၀၀ ကျော်ဖိုးခန့် ဝယ်ယူတင်သွင်းရလျက်ရှိသဖြင့် လောင်စာဆီသုံးစွဲမှုများကိုလည်း ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သံမဏိလုပ်ငန်းနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် သံရိုင်းများထွက်ရှိပြီး သံမဏိစက်ရုံအကြီး နှစ်ရုံသာရှိကြောင်း၊ နှစ်စဉ် သံမဏိတန်ချိန် သုံးသန်းခန့် လိုအပ်ချက်ရှိနေပြီး ဆောက်လုပ်ရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် သံမဏိထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်နိုင်သဖြင့် အလေးထားအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ သံရိုင်းထုတ်လုပ်သည့်အဆင့်မှ သံမဏိထုတ်လုပ်သည့် အဆင့်ထိဆောင်ရွက်နိုင်ရေးအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သံမဏိအပြင် ဘိလပ်မြေထုတ်လုပ်သည့်လုပ်ငန်းများ၊ ဆက်စပ်လုပ်ငန်းဖြစ်သည့် ကျောက်မီးသွေး ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် ရွှေတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်း အစရှိသည့် နိုင်ငံတော်၏ မြေပေါ် မြေအောက် သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် သတ်မှတ်စည်းမျဉ်းစည်းကမ်း နည်းဥပဒေများနှင့်အညီသာ ထုတ်ယူသုံးစွဲစေရေး၊ တရားမဝင်ထုတ်ယူသုံးစွဲမှုများ မရှိစေရေး ထိထိရောက်ရောက် ထိန်းသိမ်းကြပ်မတ်ကြစေလိုကြောင်း၊ ထုတ်ယူသုံးစွဲရာတွင်လည်း မလိုလားအပ်ဘဲ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျဆောင်ရွက်စေလိုပြီး အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်း သစ်ပင်စိုက်ပျိုးခြင်းများနှင့် စနစ်တကျ ထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**စီးပွားရေးမောင်းနှင်အားသည်အဓိက**

မိမိတို့အနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍ စီးပွားရေးဦးတည်ချက်အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် အခြားဦးတည်ချက်များကိုပါ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေး မောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဥက္ကဋ္ဌများက စိုက်ပျိုးမွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်နေမှု၊ အခွန်အကောက်ငွေများ ကောက်ခံရရှိမှု၊ သစ်တောများရေရှည်တည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ စတင်အသုံးပြုလျက်ရှိမှု၊ အားသွင်းစတေရှင်များ တည်ဆောက်ပြီးစီးမှုနှင့် တိုးချဲ့တည်ဆောက်နေမှု၊ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှု၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးပေးနေမှု၊ MSME လုပ်ငန်းများ စာမျက်နှာ ၅ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မန္တလေးတိုင်းဒေသကြီးအတွက် ငွေကျပ် ရှစ်ဘီလီယံပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဧရာဝတီတိုင်းဒေသကြီးအတွက် ငွေကျပ် ရှစ်ဘီလီယံပေးအပ်စဉ်။

❖ စာမျက်နှာ ၄ မှ

ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ဒေသတစ်ခု ထွက်ကုန်တစ်ခု (One Region One Product) ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စားရေရိက္ခာ ဖူလုံမှုရှိစေရေး စိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေ၊ ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ရရှိမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု၊ တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရန် လိုအပ်သည့်ကဏ္ဍများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

### အကျိုးရှိရှိအသုံးပြု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအနေဖြင့် နိုင်ငံတော်မှထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အကျိုးရှိရှိ အသုံးပြုကြရန်လိုကြောင်း၊ အဆိုပါငွေများကို အမှန်တကယ်ရင်းနှီးမြှုပ်နှံသူများလက်သို့ ရောက်ရှိစေရေး စနစ်တကျဆောင်ရွက်ရန်နှင့် ထုတ်ပေးထားသည့် ငွေများမပျောက်ပျက်စေရေးနှင့် သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်စေရေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံရှိ တိုင်းရင်းသားဒေသများအလိုက် မိမိတို့ရိုးရာယဉ်ကျေးမှုများ၊ ဂီတနှင့် ဝတ်စားဆင်ယင်မှုများကို ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းရင်းသားဘာသာစကားနှင့် ပတ်သက်၍လည်း ဥပဒေအရခွင့်ပြုပေးထားကြောင်း၊ မြန်မာစကားကို နားမလည်ခြင်းကြောင့် စာပေသင်ကြားမှုတွင် အခက်အခဲဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံရှိ ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစာပေနှင့် မြန်မာစကားကို မဖြစ်မနေသင်ကြားတတ်မြောက်ထားမှသာ ပညာသင်ကြားမှုနှင့် အလုပ်အကိုင်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများရှိ ကျောင်းသား၊ ကျောင်းသူကလေးငယ်များ မြန်မာစာပေကို သင်ကြားမှု အဆင်ပြေစေရေးအတွက် မြန်မာဘာသာရပ်ကို သင်ကြားပေးသည့် ဆရာ ဆရာမများအနေဖြင့် အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း။

ပညာသင်ကြားရေးနှင့်ပတ်သက်၍ ၂၀၂၀-၂၀၂၁ ခုနှစ် ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ သို့သော် ကျောင်းအပ်နှံသူ ကျောင်းသားဦးရေမှာ ယခင် ကိုဗစ် - ၁၉ မဖြစ်ပွားမီအချိန်ကထက် လျော့နည်းနေသည်ကို တွေ့ရှိရသဖြင့် ပညာရည်မြှင့်တင်မှုကို ထိခိုက်စေနိုင်ကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသူများလည်း လျော့နည်းလာသည်ကိုတွေ့ရှိရကြောင်း၊ အချို့သောနေရာဒေသများတွင် လုံခြုံမှုအရပညာသင်ကြားမှုကို ထိခိုက်သည်မှန်သော်လည်း အချို့သောဒေသများတွင် တည်ငြိမ်အေးချမ်းသော်လည်း ကျောင်းတက်ရောက်မှုရာခိုင်နှုန်းများ ကျဆင်းလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ တစ်နိုင်ငံလုံးရှိ ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါနွေရာသီကျောင်းပိတ်ရက်သို့ ရောက်ရှိနေပြီဖြစ်ပြီး နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းပိတ်ရက်ကို အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းများ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် အခြားကလေးငယ်များအတွက် အကျိုးဖြစ်ထွန်းစေမည့် နွေရာသီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ယခင်ပညာသင်နှစ်က သင်ကြားခဲ့ရသည့် သင်ခန်းစာများကိုပြန်လည်လေ့လာဖတ်မှတ်မှုများကို ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ပတ်ဝန်းကျင်ရှိ ကလေးငယ်များ အနာဂတ်လှပစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

မကြာမီကာလတွင် မြန်မာ့ရိုးရာသင်္ကြန်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ သင်္ကြန်ကာလတွင် ပျော်ပွဲရွှင်ပွဲများကို စည်းကမ်းတကျ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မထိခိုက်စေဘဲ ကျင်းပဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် အန္တရာယ်ကင်းစွာကျင်းပနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

### လိုင်စင်မဲ့မော်တော်ယာဉ်များ ပပျောက်စေရေး

မော်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းမှုနှင့်ပတ်သက်၍ လိုင်စင်မဲ့မော်တော်ယာဉ်များ ပပျောက်စေရေး နိုင်ငံတော်အနေဖြင့် စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များကိုလည်း ဖျက်ဆီးဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ တရားမဝင်တင်သွင်းမှု၊ ရောင်းချမှုနှင့် စီးနင်းမှုများ မဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ တင်သွင်းခြင်း၊ ရောင်းချခြင်းနှင့် စီးနင်းခြင်းများကြောင့် နိုင်ငံတော်၏ အခွန်ငွေများကိုထိခိုက်စေသကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ရာတွင် အဆိုပါလိုင်စင်မဲ့ယာဉ်များကို အသုံးပြုခြင်းကြောင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှု လုပ်ငန်းစဉ်များကို ထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယာဉ်နံပါတ်ပြားများကိုလည်း ပုံစံသစ်လဲလှယ်တပ်ဆင်အသုံးပြုရေး ကြပ်မတ်ရန်လိုကြောင်း။

အုပ်ချုပ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များကိုတိုးချဲ့ ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါတိုးချဲ့ခဲ့သည့်ခရိုင်များရှိ ဌာနဆိုင်ရာများအလိုက် လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုပ်သားရှားပါးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်သားလိုအပ်မှု အနည်းဆုံးဖြင့်ဆောင်ရွက်နိုင်မည့် ခေတ်မီစက်ကိရိယာများကို အသုံးပြုဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ရှိသည့်သီးနှံများကို စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် သီးနှံထွက်ကုန်များကို ပြည်ပသို့ကုန်ကြမ်းတင်ပို့ခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ တင်ပို့နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ပြောင်းသီးနှံမှ စားသောက်ကုန်များကို သာမက တိရစ္ဆာန်အစာများကိုလည်း ထုတ်လုပ်နိုင်သဖြင့် ပြည်တွင်း၌လိုအပ်ချက်ရှိသကဲ့သို့ ပြည်ပဈေးကွက်ရရှိသဖြင့် ပြောင်းစိုက်ပျိုးမှုကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

### ရင်းနှီးမတည်ငွေများ ထုတ်ပေးလျက်ရှိ

မိမိတို့နိုင်ငံ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ထုတ်ပေးလျက်ရှိကြောင်း၊ အဆိုပါထုတ်ပေးထားသည့် ရင်းနှီးမတည်ငွေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် အကျိုးဖြစ်ထွန်းနိုင်မည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အဆိုပါထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများသည် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း၏အကျိုးအတွက် ထုတ်ပေးထားခြင်းမဟုတ်ဘဲ အများကောင်းစားရေး၊ တိုင်းပြည်ကောင်းစားရေးအတွက်ဖြစ်ကြောင်း။

အချို့ဒေသများရှိ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေလိုအပ်ချက်ရှိခြင်းကြောင့် အောင်မြင်အောင်စိုက်ပျိုးရန်အတွက် အခက်အခဲရှိကြောင်း၊ အဆိုပါ စိုက်ပျိုးရေလိုအပ်မှုကို အထောက်အကူဖြစ်စေရန်အတွက် ထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြု၍ နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်လုပ်ငန်းများကိုဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်၍ ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့် မြို့ကွက်များ စနစ်တကျရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လျှပ်စစ်ဓာတ်အားလိုအပ်ချက်များရှိနေသေးကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို ချွေတာရန်လိုကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုများကို လျှော့ချဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကိုလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ်ကားတင်သွင်းမှုနှင့် ပတ်သက်၍ အခွန်ငွေများကို လျှော့ချပြီး တင်သွင်းခွင့်ပေးထားကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြင့် အောင်မြင်မှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွက် တိုင်းဒေသကြီးတစ်ခုလျှင် ငွေကျပ် ၁၀ ဘီလီယံစီကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွက် တိုင်းဒေသကြီးတစ်ခုလျှင် ငွေကျပ် ရှစ်ဘီလီယံစီကိုလည်းကောင်း ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

(၇၈) နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး

# အမျိုးသားနိုင်ငံရေးဦးဆောင်မှုကို တာဝန်ခံသည့် တပ်မတော်

မိုးမြင့်

**ယနေ့မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးသမိုင်း၊ တပ်မတော်သမိုင်း၊ နိုင်ငံဖြစ်တည်မှုသမိုင်းတို့နှင့် ခွဲခြား၍မရလောက်အောင်ပင် အစဉ်အလာကြီးမားသော တပ်မတော်ဖြစ်သည်။ တပ်မတော်သည် တိုင်းပြည်ကို ပြိုကွဲပျက်စီးအောင်ပြုလုပ်မည့် အဖွဲ့အစည်းမဟုတ်မူ၍ တိုင်းရင်းသားနှင့် ပြည်သူအပေါ် သစ္စာဖောက်မည့်အဖွဲ့အစည်း မဟုတ်သည်မှာလည်း သေချာသည်။ အတိတ်ရော ပစ္စုပ္ပန်မှာပါ တိုင်းပြည်နှင့် ပြည်သူ့အကျိုးအတွက် အရေးသုံးပါးဘက်မှ မားမားမတ်မတ်ရပ်တည်နေပြီး ဖြောင့်မတ်မှန်ကန်စွာ ထမ်းဆောင်နေဆဲဖြစ်သလို အနာဂတ်အတွက် လမ်းပြမြေပုံနှင့် ကောင်းမွန်သည့် သန္နေတည်နိုင်အောင်လည်း ကြိုးစားအားထုတ်လျက်ရှိသည်။**



(၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပစဉ်။

အမှန်ကို အမှန်အတိုင်း လမ်းမှန်ပြ၊ အမှားကို အမုန်းခံ၍ အမှန်ပြုကာ ပြည်သူအချင်းချင်း မုန်းတီးအောင်လည်း မျိုးစေ့မချခဲ့ဖူးပါ။ အချုပ်အခြာ၊ အမျိုးသားအကျိုးစီးပွားနှင့် ဘာသာ၊ သာသနာကိုသာ အစဉ်ကာကွယ် စောင့်ရှောက်ထိန်းသိမ်းပေးလျက်ရှိသည်။ ကာလသုံးပါးလုံး ပြည်သူနှင့် နိုင်ငံအတွက် မကြည့်ဘဲ ပြည်သူအပေါ် သစ္စာဖောက်နေသည့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှိုင်းယှဉ်ဖို့ မလိုလောက်အောင် မိုးနှင့် မြေပမာ ကွာခြားလွန်းသည်။ တပ်မတော်က ညီညွတ်ရေး ပြိုကွဲမည့်စကား မပြော၊ အကြမ်းဖက်စကား မပြော၊ နိုင်ငံကိုပျက်စီးအောင် မလုပ်၊ အပြောကို အလုပ်နှင့် သက်သေပြနိုင်အောင်သာ ကြိုးစားလျက်ရှိသည်။

## တစ်ခုတည်းသော တပ်မတော်

နိုင်ငံတွင် တပ်မတော်ဟူ၍ တစ်ခုတည်းသာ ရှိသည်။ အခြားမည်သည့်လက်နက်ကိုင် အဖွဲ့အစည်းမျှ နိုင်ငံတော်နှင့် ပြည်သူကို ကိုယ်စားမပြုပါ။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံးကို ကိုယ်စားပြု၍ ပြည်သူ့အကျိုးကိုသာ ကြည့်သည်။ အရေးကြုံက လေ့ကြုံ မလိုက်၊ ရေသာမခို နိုင်ငံနှင့်ပြည်သူအတွက် ဘေးသင့်လာလျှင် ပြည်သူ့ဘက်မှ မားမားမတ်မတ် ရပ်တည်၍ ပြည်သူကို ကာကွယ်စောင့်ရှောက်သည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည်မခွဲခြား၊ အားလုံးသည် မိမိအရေးသာ ဖြစ်သည်ဟု ခံယူသည်။ ကာကွယ်ရေးကဏ္ဍ၌



(၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ယန္တရားတပ်ခွဲချီတက်အလေးပြုစဉ်။

သာမက နိုင်ငံတည်ဆောက်ရေးမှာလည်း ပါသည်။ နိုင်ငံကိုပြိုကွဲအောင်၊ မိမိပြည်နယ်၊ မိမိတိုင်းဒေသကြီး၊ မိမိဒေသ ၊ မိမိလူမျိုး အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်း ဒုက္ခပေးနေသည့် ဘေးအန္တရာယ်များကြား၊ အဖျက်အဆီးများကြားမှ မရရအောင် ပြန်လည် တည်ဆောက်ပေးနေသည်မှာလည်း တပ်မတော်ပင်ဖြစ်သည်။ သို့သော် တပ်မတော် မုန်းတီးရေးဝါဒမှိုင်းများကြား ကြိုးစားဖြေရှင်း ရှန်းကန်နေရဆဲဖြစ်သည်။ အဘယ်ကြောင့်ပါလဲ။ ဤနိုင်ငံက ငါတို့နိုင်ငံ၊ ဤပြည်သူတွေက ငါတို့ပြည်သူ၊ ဤလူမျိုးတွေက ငါတို့လူမျိုးဟူ၍ တပ်မတော်က အလေးအနက်ခံယူထား၍သာ ဖြစ်သည်။

## စိတ်ဓာတ် စည်းကမ်း သစ္စာ စည်းလုံးမှု ခိုင်မာသည့်အဖွဲ့အစည်း

အချို့ကလည်း တပ်မတော်ကြောင့် နိုင်ငံပျက်စီးနေရသည်၊ နိုင်ငံသားတွေ စိတ်ဓာတ်ပျက်ပြားနေရသည်ဟု စွပ်စွဲလိုကြသည်။ ဤနေရာတွင် နိုင်ငံသားအားလုံးနှင့်ဆိုင်သော အချက်ကိုသာ ထောက်ပြချင်သည်။ တစ်ဦးချင်း၏ ကိုယ်ကျင့်တရား၊ ကျင့်ဝတ်၊ စာရိတ္တ၊ စိတ်ဓာတ်၊ နိုင်ငံနှင့် လူမျိုးအပေါ်ထားသည့် သစ္စာတရား ခံယူချက်နှင့်သာ ဆိုင်မည်ထင်သည်။ ဤသို့ဖြင့် သပ်လျှိုဖြိုခွဲပြိုကွဲစေသည့် သွေးခွဲစကားများကို ကြားနေကြုံနေရဆဲဖြစ်သည်မှာ လက်ရှိအရှိတရားဖြစ်သည်။ နိုင်ငံရေးအရ ဦးဆောင်မှုကဏ္ဍတွင် ရပ်တည်နေရဆဲဖြစ်၍ ယနေ့လိုကာလတွင် မည်သူ့ကိုမျှယုံ၍မရသေး၊ နိုင်ငံကိုဦးဆောင်နေရဦးမည်သာဖြစ်သည်။ အချို့က တပ်မတော်မရှိလျှင် နိုင်ငံအေးချမ်းမည်ဟု ဆိုသူကဆိုသည်။ ကိုယ့်နိုင်ငံရေး အခြေအနေ၊ ကိုယ့်အခြေအနေကိုပင် ကောင်းစွာ မဖတ်တတ်သူများဟု ဆိုရမည်။

ကံဆိုးသည်က နိုင်ငံတွင် တပ်မတော်ကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု ပေတံများနှင့် တိုင်းတာနိုင်သည့် လက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်း ယခုအချိန်အထိ မရှိသေးခြင်းပင်ဖြစ်သည်။ တပ်မတော်မှလွဲ၍ ဗမာရော၊ တိုင်းရင်းသားများပါ လက်နက်ရှိလျှင် သတ်ကြ၊ ဖြတ်ကြ ကွဲကြသည်က များသည်။ ကိုယ့်လူမျိုးအချင်းချင်းလည်း သတ်ရဲဖြတ်ရဲသည်။ ထိပ်ပိုင်းခေါင်းဆောင်အချင်းချင်းလည်း သစ္စာမရှိ၊ လုပ်ကြံသတ်ဖြတ်သည်။ တော်လှန်ရေးသမားအချင်းချင်းလည်း လက်ရဲဇက်ရဲသတ်ဖူးကြသည်။ ဒါကိုပင် တပ်မတော်မရှိမှသာ တိုင်းပြည်ငြိမ်းချမ်းမည်ဟု ဆိုဝံ့သူက ရှိသေးသည်။

## လိုအပ်ချက်များအရ ပါဝင်ထမ်းရွက်နေရဦးမည့် တပ်မတော်

ပြောကြသည်၊ တပ်မတော်က နိုင်ငံရေးလောကမှ မထွက်ချင်ဘူးဆိုသည့် ဝေဖန်ချက်။ နိုင်ငံရေးလောကမှ ထွက်ချင်သည့်အတွက် ရာနှုန်းပြည့်ယူထားရာမှ ၂၅ ရာခိုင်နှုန်းအထိ လျှော့ချပါဝင်ခဲ့သည်ကို သတိပြုဖို့ကောင်းသည်။ ပြည်ထောင်စုကြီး ပြိုကွဲမည့် အရိပ်အယောင်ရှိနေသရွေ့၊ အချုပ်အခြာ ခြိမ်းခြောက်မှုခံနေရသရွေ့၊ တိုင်းရင်းသားများ ညီညီညွတ်ညွတ်မရှိသရွေ့၊ တပ်မတော်ကိုပြိုကွဲစေမည့် အကြံအစည်များရှိနေသရွေ့ တပ်မတော်၏နိုင်ငံရေးတွင် ပါဝင်မှုအလားအလာ လျှော့ပါးသွားရန် ခဲယဉ်းသည်။ မရင့်ကျက်သေးသည့် နိုင်ငံရေးစနစ်တွင် တပ်မတော်က လိုအပ်ချက်အရ ပါဝင်နေရခြင်းသည် အမှားအယွင်းတစ်ခုမဟုတ်ပါ။

မြန်မာ့နိုင်ငံရေးသမိုင်းမှာ တပ်မတော်၏ပါဝင်မှုသည် အထူးအဆန်းတော့မဟုတ်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက နိုင်ငံရေးအရတိုက်ပွဲဝင်မည့် နိုင်ငံရေးသမားအများစုသည် တပ်မတော်သားဘဝမှတစ်ဆင့် လူလားမြောက်သူများ ဖြစ်ခဲ့ကြသည်ဆိုသည်မှာ သမိုင်းကြောင်းအရ သိထားသင့်သည့်အရာဖြစ်သည်။ ခေတ်အဆက်ဆက် တပ်မတော်သားနိုင်ငံရေးသမားဟူသည် စစ်ရေး၊ နိုင်ငံရေးအမြင် ထွန်းတောက်ခဲ့ကြသူများဖြစ်၍ တိုင်းပြည်၏အချုပ်အခြာနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသူများ ဖြစ်ခဲ့ကြသည်။ နိုင်ငံရေးသမားများ မညီညွတ်သရွေ့၊ လူမျိုးရေး၊ ဘာသာရေးအကြောင်းပြ၊ နိုင်ငံရေးဝင်ရောက်စွက်ဖက်မှုများရှိနေသေးသရွေ့ မြန်မာ့နိုင်ငံရေးတွင် တပ်မတော်၏အခန်းကဏ္ဍ ဆက်လက်ရှိနေဦးမည်သာဖြစ်သည်။ တိုးတက်မှုဘက် ဦးမတည်သည့် အရေးမပါသော ကွဲပြားမှုများ ရှိနေသေးသရွေ့၊ မလိုလားအပ်သော အားပြိုင်မှုများရှိနေသေးသရွေ့ တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်ကို ရယူပြီး အန္တရာယ်မှန်သမျှ တားဆီးနေရဦးမည်သာဖြစ်သည်။

## ဆက်လက်ရှိနေဦးမည့် နိုင်ငံရေးဦးဆောင်မှုကဏ္ဍ

နိုင်ငံလွတ်လပ်ရေးကို ရယူပေးခဲ့ပြီး လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော တပ်မတော်ဖြစ်၍ နိုင်ငံလွတ်လပ်ရေး ဆုံးရှုံးစေမည့်အရေး၊ နိုင်ငံကို ပျက်စီးစေမည့် အရေးကိုမူ တပ်မတော်က မည်သည့်အခါမျှလုပ်မည် မဟုတ်သည်မှာ သေချာသည်။ သို့ဆိုလျှင် တပ်မတော်က တိုင်းပြည်အာဏာကို ဘာကြောင့်ရယူနေရပါသနည်း။ နိုင်ငံရေးနောက်ခံအကြောင်းတရားများ၊ အချုပ်အခြာဆုံးရှုံးနိုင်သည့် အကြောင်းတရားများကို မြင်အောင်ကြည့်စေလိုသည်။ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများကို အတွေးမှား၊ အမြင်မှား၊ အယူမှားအောင် လုပ်ကြံဖန်တီးပုတ်ခတ်မှုများ ရှိနေဆဲဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ပုံရိပ်ကျဆင်းအောင် ဖန်တီးနေကြဆဲဖြစ်သည်။ ရာဇဝတ်၊ အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါး ပြဿနာများကြောင့် အမျိုးသားလုံခြုံရေးစည်းကျိုးပေါက်နိုင်မှုအခြေအနေများ ရှိဆဲဖြစ်သည်ကို လက်ခံရမည်ဖြစ်သည်။

ထို့ကြောင့်လည်း နိုင်ငံနှင့် ပြည်သူအတွက် လုံခြုံရေးအာမခံချက် ခိုင်ခိုင်မာမာရရှိပြီး အတိုင်းအတာတစ်ခုအထိ တည်ငြိမ်အေးချမ်းသည်အထိ တပ်မတော်၏အခန်းကဏ္ဍမှာ မပြောင်းမလဲရှိနေဦးမည်သာဖြစ်သည်။ နိုင်ငံရေးမှာ ဝင်ပါနေရသော်လည်း တပ်မတော်၏ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ အမျိုးသားနိုင်ငံရေးဖြစ်သကဲ့သို့ ဖော်ဆောင်သည့် အကျိုးစီးပွားမှာလည်း အမျိုးသားအကျိုးစီးပွားသာလျှင်ဖြစ်သည်ကို သတိချပ်သင့်သည်။

## အလုံးစုံဆုံးရှုံးပျက်စီးမှုသို့သာ ဦးတည်ခဲ့မှုများ

ယခုလက်ရှိအခြေအနေများကိုပင် ကြည့်ပါ၊ တပ်မတော်က အရပ်သားအစိုးရထံ အာဏာအပ်ချင်၍ အထွေထွေရွေးကောက်ပွဲပြုလုပ်ရန် စိုင်းပြင်းနေသည်။ ဤသည်ကို ကဖျက်ယဖျက်လုပ်နေသည်က မည်သူတွေလဲ။ ရွေးကောက်ပွဲကိုအသိအမှတ်မပြု၊ ရွေးကောက်ပွဲကို ဖျက်ဆီးမည့် ပြည်ဖျက်အုပ်စုများ၏ အကြံအစည်ကပင် တပ်မတော်ကို နိုင်ငံရေးလောကမှ မထွက်ခွာနိုင်အောင် လုပ်သကဲ့သို့ဖြစ်နေသည်။ တပ်မတော်ကို နိုင်ငံရေးမှ ထွက်စေချင်လျှင် တပ်မတော်နှင့် ယုံကြည်မှု တည်ဆောက်နိုင်ဖို့သာ လိုအပ်သည်။ အပြန်အလှန် ယုံကြည်မှုအတွက် အပြန်အလှန်နားလည်မှုရှိသင့်သည်ဟု မြင်သည်။

နားလည်မှု၊ ယုံကြည်မှုမပေးခဲ့သည့်အတွက် ယုံကြည်မှုများပျောက်ဆုံးပြီး အပြန်အလှန် ဆက်ဆံရေးများ အားမကောင်းခဲ့သည်ကို သင်ခန်းစာယူသင့်သည်။ တပ်မတော်နှင့် အပြုသဘော ဆက်ဆံရေးနေရာတွင် အမုန်းတရားတို့က နေရာယူခဲ့သည်ကို တွေ့ရသည်။ အလွှာစုံတွင် အမုန်းတရားကို ပျိုးထောင်ခဲ့မှုက အလုံးစုံပျက်စီးဆုံးရှုံးမှုဆီသို့သာ ဦးတည်ခဲ့သည်။ မဟုတ်မမှန် သတင်းအချက်အလက်များဖြင့် ပြည်သူကိုသိမ်းသွင်း၊ တပ်မတော်နှင့် ပြည်သူအကြား သွေးခွဲခဲ့ကြသည်။

စာမျက်နှာ ၇ သို့ ✪

# ရဲ "သုံး" ဖော်နှင့် ရဲ "သုံး" ရဲ

❖ ဒို့ပြေ (ပြည်) ဒို့မြေ၊ ဒို့ပိုင်ရေဟု
အရှည်တည်ရေး၊ အသက်သွေးတို့
ပေးဆပ်ထောင်သောင်း၊ သမိုင်းကြောင်းဝယ်
အားကောင်းမောင်းသန်၊ မျိုးချစ်မာန်ဖြင့်
ကြံဆောင်ဆင်မြန်း၊ လွတ်လပ်ပန်းကို
ဆင့်ကမ်းဆောင်ဖော် တပ်မတော်တည့်။

❖ တပ်မတော်ကား၊ ပြည်သူ့ **သား** တည့်
တပ်မတော်ကား၊ ပြည်သူ့ **အား** တည့်
ပြည့် **အား** စင်စစ်၊ သားချစ်ပီစွာ
ကျရာ ဝန်တာ၊ ပေးလာ တာဝန်
ထမ်းကျေပွန်လျက် ခေတ်အဆက်ဆက်တည့်။

❖ မျိုးချစ်နောင်ဆွေ၊ **ကြည်း ရေ လေ**တို့
မသွေမထောင့်၊ သစ္စာစောင့်လျက်
ဖြောင့်မတ်မှန်ကန်၊ စိတ်သန္တာန်ဖြင့်
ခံယူအလေးထား အရေးသုံးပါးတည့်။

❖ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်အဆင်းနှင့်
တိုင်းရင်းချစ်ကြည်၊ တွဲလက်ညီစွာ
ဒို့ညီနောင်ထု၊ တည်ထောင်ပြုသည့်
ပြည်ထောင်စုသည်၊ "မြန်မာပြည်" ဟု
ဝင့်ထည်ဂုဏ်ဖြိုး၊ မော်ကွန်းထိုးရန်
**"ကြိုးခဲ့ ညီညီ၊ ချီခဲ့ ရဲရဲ
နွှဲခဲ့ ပြိုင်ပြိုင်၊ ခိုင်ခဲ့ မတ်မတ်
ရပ်ခဲ့ မော်မော် ဒို့တပ်မတော်"** တည့်။

❖ (အို .. ဇာနည်မောင်ဘွား၊ ပြည်ချစ်သားတို့ ...)
အရေးသုံးပါး၊ ကျူးစော်ကားသည့်
ရန်အားချေဖျက်၊ **ရဲရဲတက်** ဟော့
နှောင့်ယှက်ဆီးတား၊ ရန်စွယ်အားလျှင်
ဖယ်ရှားအစဉ်တစိုက်၊ **ရဲရဲတိုက်** ဟော့
မငိုက်ဦးခေါင်း၊ သွေးသစ်လောင်းလျက်
မပြောင်းမလဲ၊ မျိုးချစ်ဇွဲဖြင့်
**ရဲရဲချေမှုန်း**၊ လက်စတုံးဟော့။

❖ **ရဲ သုံးဖော်**လျှင်
ပြည်ခွင်အကျိုး၊ တိုးသယ်ပိုးရင်း
အမျိုးဘာသာ၊ အချုပ်ခြာတွက်
စဉ်လာဆယ့်နှစ်ချက်၊ ဆင့်ကမ်းဆက်ကာ
လေးနက်ကိုင်စွဲ၊ **ရဲ သုံးရဲ**နှင့်
အမြဲအသင့် ရှိသည်တကား။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

❂ စာမျက်နှာ ၆ မှ
မိဘပြည်သူများ စိတ်မချမ်းမသာဖြစ်ရပြီး လူငယ်များ ဘဝပျက်ကြရသည့်အခါ နိုင်ငံတော်အတွက်လည်း ထိခိုက်မှုများစွာရှိခဲ့သည်။

### ငြိမ်းချမ်းရေးကို လိုချင်လွန်း၍သာ

မြန်မာ့သမိုင်းခေတ်အဆက်ဆက်တွင် နိုင်ငံ၌ အစိုးရအဆက်ဆက် ဘယ်လိုပြောင်းပြောင်း၊ စနစ်ဘယ်လိုပြောင်းပြောင်း ပါလီမန်ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ခေတ်၊ တပ်မတော်အစိုးရခေတ်၊ ပါတီစုံဒီမိုကရေစီခေတ် ဘယ်ခေတ်ရောက်ရောက် ဖိအားမျိုးစုံနှင့် လွတ်သည်မရှိ၊ စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့၊ ဖြေရှင်းခဲ့ရသည်ချည်းဖြစ်သည်။ အတက်အကျ၊ အနိမ့်အမြင့် ကံကြမ္မာမျိုးစုံကြုံတွေ့ခဲ့ရသော မြန်မာ့တပ်မတော်သည် ယခုအချိန်မှစ၍ အကျမရှိ၊ အနိမ့်မရှိ တည်တည်ငြိမ်ငြိမ်ဖြင့် စည်းရုံးရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းစည်းရုံး၊ ပြည်ပကျူးကျော်မှုကို အချိန်မရွေးရင်ဆိုင်နိုင်မည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်အဖြစ်သို့ ကူးပြောင်းရန် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိသည်ကို တွေ့ရသည်။ ပြည်ပရန်ကို ရင်ဆိုင်ရန်ပြင်ဆင်ပြီး ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဦးတည်ချက်ထားသည်။

သို့သော် ပြည်တွင်း အဖျက်သမားအကြမ်းဖက်များနှင့် ကိုယ့်လူမျိုးအချင်းချင်း ရင်ဆိုင်တိုက်ခိုက်နေရသည်မှာ ဝမ်းနည်းစရာ ကောင်းလှသည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကို လိုချင်လွန်း၍ စစ်မတိုက်ချင်ဘဲ တိုက်နေရသည်။ တိုင်းပြည်ထူထောင်ရေး လုပ်ရမည့်အချိန်တွင် လက်နက်ကိုင်ပဋိပက္ခများနှင့်သာ အချိန်ကုန်ပြီး အသက်များ၊ ခန္ဓာများ ပေးဆပ်နေရသည်။ သို့သော်လည်း တပ်မတော်သည် ကာကွယ်ရေး၊ လုံခြုံရေးတာဝန်များနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

**"အမှန်ကို အမှန်အတိုင်း လမ်းမှန်ပြ၊ အမှားကို အမှန်းခံ၍ အမှန်ပြုကာ ပြည်သူအချင်းချင်း မုန်းတီးအောင်လည်း မျိုးစေ့မချခဲ့ဖူးပါ။ အချုပ်အခြာ၊ အမျိုးသားအကျိုးစီးပွားနှင့် ဘာသာ၊ သာသနာကိုသာ အစဉ်ကာကွယ် စောင့်ရှောက်ထိန်းသိမ်းပေးလျက်ရှိသည်။ ကာလသုံးပါးလုံး ပြည်သူနှင့် နိုင်ငံအတွက် မကြည့်ဘဲ ပြည်သူအပေါ် သစ္စာဖောက်နေသည့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှိုင်းယှဉ်ဖို့ မလိုလောက်အောင် မိုးနှင့် မြေပမာ ကွာခြားလွန်းသည်။ တပ်မတော်က ညီညွတ်ရေး ပြိုကွဲမည့်စကား မပြော၊ အကြမ်းဖက်စကား မပြော၊ နိုင်ငံကိုပျက်စီးအောင် မလုပ်၊ အပြောကို အလုပ်နှင့် သက်သေပြနိုင်အောင်သာ ကြိုးစားလျက်ရှိ"**

ကိုလည်း မလစ်ဟင်းစေရဘဲ အချုပ်အခြာနှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်သည်ဆိုခြင်းကိုမူ နိုင်ငံရေးသမားအားလုံး၊ လက်နက်ကိုင်အဖွဲ့အားလုံး ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်နိုင်စွမ်းရှိသင့်သည်။ အမှန်တကယ်လည်း မြန်မာ့တပ်မတော်သားအားလုံးသည် ငြိမ်းချမ်းရေးကို အရယူဖို့ ဆန္ဒပြင်းပြကြသည်မှာ ရှေ့ဆုံးကဖြစ်သည်။ စစ်၏အနိဋ္ဌာရုံများကို အသိဆုံးဖြစ်သော်လည်း ငြိမ်းချမ်းချင်၍သာ အသက်ပေးတိုက်ခိုက်နေရခြင်းဖြစ်သည်။

မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့၏ အရေးကို ပြုလုပ်ခဲ့၊ ပြုလုပ်ဆဲဖြစ်ပြီး နောင်လည်းဆက်လက်ပြုလုပ်ရမည့် လုပ်ငန်းစဉ်များစွာ ရှိနေသည်။ နိုင်ငံတကာပဋိပက္ခများကြားတွင် နိုင်ငံအပေါ် သက်ရောက်မှုအတိုင်းအတာအလိုက် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဦးတည်သည့် ဒေသတွင်းနှင့် အခြားမဟာမိတ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စများစွာ ရှိနေသည်။ လောလောဆယ် ပြည်တွင်း၊ ပြည်ပ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် မိမိနိုင်ငံ အချုပ်အခြာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးကာကွယ် စောင့်ရှောက်နေရဆဲဖြစ်သည်။ ရောဂါကပ်ဘေး၊ နိုင်ငံရေးပဋိပက္ခများနှင့် ဆက်နွှယ်၍ ကျဆင်းနေသော ပြည်သူတို့၏ လူမှုစီးပွားဘဝများ တည်ငြိမ်အောင် စဉ်ဆက်မပြတ် ဆောင်ရွက်နေရသည်။ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝနှင့် ပြည်တွင်းပဋိပက္ခများ အပြန်အလှန် ဆက်စပ်နေခြင်းကြောင့်လည်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် လက်ရှိဆောင်ရွက်ဆဲ နိုင်ငံရေးအခင်းအကျင်းများ ဆက်လက်တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ရပါဦးမည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့်အတူ မတူကွဲပြားမှုများကြားမှာ အမျိုးသားရင်ကြားစေ့ရေးနှင့်တကွ ဘုံရည်မှန်းချက်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကျန်ရှိနေပါသေးသည်။ ကွဲပြားနေသော လူမှုယဉ်ကျေးမှုများ၊ ဘာသာတရားများ ယခုထက်ပို၍ နီးစပ်၊ နီးကပ်မှုရှိရန် လိုအပ်နေပါသေးသည်။ အမျိုးဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်မည့် မျိုးချစ်တပ်မတော်အဖြစ် ဆက်လက်တည်ရှိရပါဦးမည်။

အနာဂတ်နိုင်ငံတော်ကြီးအတွက် တိုင်းရင်းသားပြည်သူများနှင့် သဟဇာတဖြစ်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုကို တည်ဆောက်နိုင်မည့်၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့်အတူ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အနေအထားများအားလုံးသည် နိုင်ငံတော်လုံခြုံရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်ဖြစ်ရာ ယင်းအခြေအနေများအတွက် တာဝန်ခံမည့် အဖွဲ့အစည်းသည် အင်အားမရှိ၊ ဘေးရောက်၊ ယိုင်နဲ့နေ၍ မဖြစ်ပါ။ ရေခံမြေခံကောင်းများဖြင့် ခိုင်မာသော အုတ်မြစ်ကောင်းကို ချနိုင်ရန်အတွက် တပ်မတော်ကဲ့သို့ အင်အားတောင့်တင်းပြီး စည်းကမ်းစနစ်တကျ ဖွဲ့စည်းထားသော အင်စတီကျူးရှင်းတစ်ခုမှလွဲ၍ အခြားမရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ဂွမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

ဂွ မတ် ၂၄

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ အရင်းမပျောက်မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ကျေးရွာများသို့ မတည်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရာ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ကြမည့် ချင်းကုန်းကျေးရွာ၊ ရွှေဦးကွင်းကျေးရွာ၊ ရတနာမြိုင်ကျေးရွာနှင့် ကျောက်ခေါင်းကွင်းကျေးရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့်လည်းကောင်း၊ ကွင်းလျားရှည်ကျေးရွာနှင့် ကျောက်ကြီးကျေးရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် လည်းကောင်း စုစုပေါင်း ငွေကျပ်သိန်း ၃၂၀၀၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ကြမည့် ကျောက်ချွန်ကျေးရွာ၊ ကင်းရုံးရပ်ကွက်နှင့် ကျိန္တလီအမှတ်(၂)ရပ်ကွက်အား ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၈၀၀၊ သမဝါယမကဏ္ဍတွင် ရေကျော်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းအား ငွေကျပ် ၁၇၅ သိန်းကို လည်းကောင်း၊ ပုလဲရွှေဝါ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းအား ငွေကျပ် ၁၃၅ သိန်းနှုန်းဖြင့် လည်းကောင်း စုစုပေါင်း ငွေကျပ်သိန်း ၃၂၀၀ တို့ကို တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

☆ ကျောဖုံးမှ

ဗန္ဓုလ စစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းများပါဝင်ပြီး စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှ စစ်ရေးပြကွင်းသို့ တပ်မတော်စစ်တီးဝိုင်းအဖွဲ့များ၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများသီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြအခမ်းအနားအစီအစဉ်အတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

ထိုသို့ လေ့ကျင့်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း) ယန္တရားတပ်ဖွဲ့ဝင်များ၊ တပ်မတော်(ရေ) ယန္တရားတပ်ဖွဲ့ဝင်များနှင့် တပ်မတော် (လေ) မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တွံတေးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့၌ ချောင်းကူးတံတားနှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၄**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ/အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ယူတည်ဆောက်ခဲ့သည့် တွံတေးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့၌ ချောင်းကူးတံတားသစ်နှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါနေရာများ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ/အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ တာဝန်ရှိသူတစ်ဦးက အဆိုပါကွန်ကရစ်လမ်းသစ်နှင့် ချောင်းကူးတံတား တည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တွံတေးမြို့နယ် ရွှေမုယင်းဒေသ ချောင်းဝကျေးရွာရှိ အရှည် ၄ ဒသမ ၀၂၈ မိုင်၊



(၇၈)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နှင့် ဒလမြို့နယ်တို့ရှိ ကံဘဲ့-ပျော်ဘွယ်လေး-ဒလ ကွန်ကရစ်လမ်းသစ်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အကျယ် ၁၄ ပေ၊ ဒု ခြောက်လက်မ ခရမ်းဝ-ကွင်းပေါက်လမ်းသစ်၊ အရှည် ပေ ၃၀ နှင့် အကျယ် ၂၄ ပေရှိ ခရမ်းဝချောင်းကူးတံတားသစ်၊ အရှည် ပေ ၃၈၁၀၊ လမ်းအကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ခရမ်းဝရွာတွင်းလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကွန်ကရစ်လမ်းသစ်များနှင့် ချောင်းကူးတံတားသစ်အား ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။ ဆက်လက်၍ တွံတေးမြို့နယ် ရွှေမယင်းကွင်းဒေသငါးကန်များမှ ကွင်းပေါက်ကျေးရွာအထိ ချောင်းဟောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လမ်းတံတားဦးစီးဌာန တွံတေးခရိုင်မှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သော ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နှင့် ဒလမြို့နယ်တို့၌ လမ်းအရှည် ခုနစ်မိုင် ၂ ဖာလုံ၊ အကျယ် ၂၄ ပေရှိ ကံဘဲ့-ပျော်ဘွယ်လေး-ဒလ ကွန်ကရစ်လမ်းသစ်နှင့် ရန်ကုန်တိုင်းဒေသကြီး လမ်းတံတားဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၄)မှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် ကွမ်းခြံကုန်းမြို့နယ်ရှိ လမ်းအရှည် ၂ မိုင် ၄ ဖာလုံ အကျယ် ၂၄ ပေ ကွမ်းခြံကုန်းမြို့ရှောင်လမ်း ကွန်ကရစ်လမ်းသစ်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကွန်ကရစ်လမ်းသစ်များအား ဖြတ်သန်းကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၂၄**

မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင် စုစုပေါင်း ၅၀ တို့က လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)အသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း စုစုပေါင်း ၁၁၂ ဦးတို့က လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (ယာယီအရေးပေါ်ကုသရေးဆေးရုံ) ကိုဗစ်ကုသရေးစင်တာ၌ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် စေတနာရှင် သွေးအလှူရှင် စုစုပေါင်း ၄၄၀ တို့က လည်းကောင်း စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ သွေးလှူဒါန်းမည့်သူများသည် ကျန်းမာရေးဆေးစစ်ခြင်း၊ သွေးပေါင်ချိန်စစ်ဆေးခြင်းနှင့် လိုအပ်သည့်စစ်ဆေးမှုများ ခံယူကြပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် တရုတ်နိုင်ငံရေအားလျှပ်စစ်၊ လေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုကို လေ့လာနိုင်ရန် တရုတ်နိုင်ငံ၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၇ ရက်မှ ၂၂ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့် ပေကျင်းမြို့တို့သို့ သွားရောက်ခဲ့ကြသည်။

**ညှိနှိုင်းအစည်းအဝေးပြုလုပ်**

ထိုသို့သွားရောက်စဉ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၀ ရက် နံနက် ၁၀ နာရီက ယူနန်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ တရုတ်ပြည်ကွန်မြူနစ်ပါတီ တွဲဖက်အတွင်းရေးမှူး ဝမ်ယူဘို ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့နှင့် ကူမင်းမြို့ရှိ ယူနန်ပြည်နယ်အစိုးရ၏ ဧည့်ရိပ်သာတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကိုပြုလုပ်သည်။ ထိုသို့ပြုလုပ်ရာတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည် နှစ်ပေါင်းများစွာမှစ၍ ချစ်ကြည်ရင်းနှီးခဲ့သည့် ဆွေမျိုးပေါက်ဖော်များဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အပြန်အလှန်ရိုင်းပင်းကူညီမှုများလည်းရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှလာရောက်၍ ရင်းနှီးမြှုပ်နှံသူများ၏ ဆောင်ရွက်နေသော စီမံကိန်းများကိုလည်း ပိုမိုတိုးတက်အောင်မြင်အောင် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း မိမိတို့နိုင်ငံတွင် ရေအား၊ နေရောင်ခြည်၊ လေအားနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် အရင်းအမြစ်များရှိ၍ ထပ်မံရင်းနှီးမြှုပ်နှံသူများ လာရောက်နိုင်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ ရေအားတွင် အသေးစားရေအားလျှပ်စစ်မှစ၍ အကြီးစားရေအားလျှပ်စစ်များ ထုတ်လုပ်ရန် ဆွေးနွေးလျက်ရှိသည်များကိုလည်း ဆက်လက်အားပေးစေလိုပါကြောင်း၊ တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အား သွယ်တန်းခြင်းလုပ်ငန်းများကိုလည်း ၂၀၂၄ ခုနှစ်တွင် ရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် လိုအပ်သည်များကို ဆက်လက်ကူညီပံ့ပိုးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ယူနန်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူးက ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် အရှည်လျားဆုံးထိစပ်နေသော ပြည်နယ်ဖြစ်သည့်အလျောက် မြန်မာနိုင်ငံ၏ အခက်အခဲများအပေါ် နားလည်ပါကြောင်း၊ အထူးသဖြင့် စွမ်းအင်အသစ်



ကဏ္ဍ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရန် ယူနန်ပြည်နယ်အစိုးရအနေဖြင့် မူအားဖြင့် ထောက်ခံလျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် ပေကျင်းမြို့ရှိ အမျိုးသားစွမ်းအင်စီမံအုပ်ချုပ်ရေးအဖွဲ့ (National Energy Administration– NEA)ရုံးချုပ်၌ အမျိုးသားစွမ်းအင်စီမံအုပ်ချုပ်ရေးအဖွဲ့ NEA ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာရန်ဂျင်းဒန် (Mr. Ren Jing Dong) နှင့်အဖွဲ့ကို တွေ့ဆုံသည်။

**ထုတ်လုပ်မှုနှင့်သုံးစွဲမှု မမျှတ**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရန်အတွက် Master Plan ကို ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ထိုသို့ရေးဆွဲထားသော်လည်း နှစ်အလိုက် ထုတ်လုပ်မှုနှင့်သုံးစွဲမှု မမျှတသောကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်လျက်ရှိပါကြောင်း၊ လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းနိုင်ရန် အရင်းအမြစ်မျိုးစုံဖြစ်သော ရေအား၊ လေအား၊ နေရောင်ခြည်၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်မျိုးစုံမှ ထုတ်လုပ်လျက်ရှိပါကြောင်း၊ သို့ရာတွင် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကျဆင်းလာသဖြင့် ရေအား၊ နေရောင်ခြည်နှင့် လေအားအပြင် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကိုလည်း လိုအပ်သည်များ ကူညီဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ရေအားလျှပ်စစ်တွင် အကြီးစား ရေအားလျှပ်စစ်စီမံကိန်းများအပြင် အသေးစား ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ လေအားအနေဖြင့်လည်း အရင်းအမြစ်နေရာများစွာ ရှိသဖြင့် ထပ်မံတိုးချဲ့ထုတ်လုပ်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ယခု ကာလတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိနေသော်လည်း ၂၀၂၅ ခုနှစ်တွင် တတ်နိုင်သမျှ လိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ မိမိတို့နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံရန်လာရောက်သူများကို NEA အနေဖြင့် ခွင့်ပြုပံ့ပိုးပေးရန်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဖလှယ်သည့် ဆွေးနွေးပွဲနှင့် သင်တန်းများကိုလည်း ဖိတ်ခေါ်ပေးရန်တို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် NEA ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာရန်ဂျင်းဒန် (Mr. Ren Jing Dong)က ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို သိရှိပါသဖြင့် ကိုယ်ချင်းစာပါကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် အများဆုံးဖြစ်သော ရေအားလျှပ်စစ်စီမံကိန်းများကို ထုတ်လုပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နယ်စပ်ဖြတ်ကျော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများကိုလည်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ၎င်းစီမံကိန်းသည် နောင်တွင် မြန်မာနိုင်ငံမှ လျှပ်စစ်ဓာတ်အားလိုအပ်ပါက ရောင်းချနိုင်ရန်ဖြစ်ပြီး ပိုမိုထုတ်လုပ်နိုင်ချိန်တွင် ဝယ်ယူရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော တရုတ်နိုင်ငံကုမ္ပဏီများ၏ လိုအပ်ချက်များကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများကိုလည်း NEAအနေဖြင့် ကူညီသွားမည်ဖြစ်ပါကြောင်းနှင့် ယခု ၂၀၂၃ ခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံမှု (၇၃)နှစ်မြောက် ဖြစ်သကဲ့သို့ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု Belt and Road (၁၀) နှစ်ပြည့်မြောက်သောနှစ် ဖြစ်သည့်အလျောက် မဟာဗျူဟာမြောက်ဆက်ဆံရေးများကို နက်နက်ရှိုင်းရှိုင်း တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အခွင့်သင့်ပါက NEA အဖွဲ့အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**သွားရောက်လေ့လာ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၁၈ ရက်တွင် ယူနန်ပြည်နယ် ချင်းဂျာမြို့အနီးရှိ စက်တပ်ဆင်အင်အား ၁၀၀၀ မဂ္ဂါဝပ် ၁၆ လုံးဖြင့် ၁၆၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်နေသော ဘိုင်ဟေထန် (Baihetan) ရေအားလျှပ်စစ်စက်ရုံစီမံကိန်း၏ တည်ဆောက်ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ မတ် ၁၉ ရက်တွင် Yunnan Provincial Energy Investment Group (YEIG) ကုမ္ပဏီမှ ၃၉၀ မဂ္ဂါဝပ် ထုတ်လုပ်ပို့လွှတ်လျက်ရှိသော လေအားလျှပ်စစ်စီမံကိန်းများကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံခြားဆက်ဆံရေးဌာနမှ ကြီးမှူးကျင်းပသော တရုတ်-မြန်မာ လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများဖြစ်သည့် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နေသော ဟွာနန်းလန်းချန်းကုမ္ပဏီ၊ ရေအားလျှပ်စစ်စက်ရုံစီမံကိန်းများအတွက်ပစ္စည်းများ ပေးသွင်းနေပြီး လေအားလျှပ်စစ်စီမံကိန်း ထုတ်လုပ်လျက်ရှိသည့် YEIG ကုမ္ပဏီ၊ နေရောင်ခြည်စွမ်းအင်သုံး စက်ရုံစီမံကိန်းများ ဆောင်ရွက်လျက်ရှိသည့် ခီဒီးကုမ္ပဏီ၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများတွင် ဆောင်ရွက်လျက်ရှိသည့် China Southern Power Grid ကုမ္ပဏီ၊ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နေသော SPIC ကုမ္ပဏီ၊ Datang ကုမ္ပဏီ၊ CEEC ကုမ္ပဏီ၊ State Grid ကုမ္ပဏီတို့နှင့် တွေ့ဆုံခဲ့ပြီး ကုမ္ပဏီများ၏ လိုအပ်ချက်၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မင်္ဂလာဒုံမြို့နယ်၌ လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့်သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် မတ် ၂၄

အများပြည်သူ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး၊ သစ်ပင်၊ သစ်ကိုင်းများကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းကျဆင်းစေရေးနှင့် ဗို့အားပြည့်ဝစွာရရှိရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီးမင်္ဂလာဒုံမြို့နယ် လှော်ကား ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ လှော်ကား –ရွာမ (Ba) ဓာတ်အားလိုင်း၏ တည်းကုန်းခွဲရုံအထွက် ၃၃ ကေဗွီ တည်းကုန်း (Ba) –ခရေပင် ဖီဒါကောင်းကင်ဓာတ်အားလိုင်းအား ခရေပင်လမ်းတစ်လျှောက်ရှိ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ၊ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ထိုသို့ ခုတ်ထွင်ရှင်းလင်းရာတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ ယင်းမြို့နယ်လျှပ်စစ် မန်နေဂျာရုံးမှ ဝန်ထမ်း၂၇ ဦးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

## သံတွဲမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံကိန်းအရင်းမပျောက် မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

သံတွဲ မတ် ၂၄

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သံတွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ငါးလုပ်ငန်းဦးစီးဌာနတို့မှ စိုက်ပျိုးရေး မွေးမြူရေးထုတ်ကုန်များတိုးချဲ့ဆောင်ရွက်နိုင်ရန် အရင်းမပျောက် မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက သံတွဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သာစိန်က အရင်းမပျောက် မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စည်းမျဉ်းစည်းကမ်း ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကြိမ်ချောင်းကျေးရွာသို့ မတည်ရန်ပုံငွေကျပ် သိန်း ၂၀၀၊ ကျားကိုက်ကျေးရွာသို့ ငွေကျပ်သိန်း ၄၀၀၊ သုံးပင်ဆိုင်ကျေးရွာသို့ ငွေကျပ်သိန်း ၄၀၀နှင့် ကြက်စားချောင်ကျေးရွာသို့ ငွေကျပ်သိန်း ၃၀၀တို့ကို လည်းကောင်း ၊ မွေးမြူရေးနှင့်ကုသရေးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မဲကျွန်းကျေးရွာနှင့် ရေဖြူအိုင်ကျေးရွာများသို့ တစ်ရွာ



လျှင် ငွေကျပ်သိန်း ၄၀၀ စီနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့တောင်ကျေးရွာသို့ ငွေကျပ်သိန်း ၄၀၀ တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ မြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

# မြို့နယ်အခွန်ဦးစီးဌာနမှူးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၇၈) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ




နေပြည်တော် မတ် ၂၄

နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ငွေများ လျော့နည်းလွတ်ကင်းမှုမရှိဘဲ ဥပဒေနှင့်အညီ အပြည့်အဝကောက်ခံရရှိနိုင်ရေးအတွက် အခွန်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၇၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်း အခွန်များဦးစီးဌာန၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးများအနေဖြင့် သင်တန်းမှဆည်းပူးရရှိလာသည်များကို လက်တွေ့ဆောင်ရွက်မှုများဖြင့် ပေါင်းစပ်ပြီး အခွန်ထမ်းပြည်သူများကို စိတ်ရင်းစေတနာမှန်ဖြင့် အဂတိတရားကင်းရှင်းစွာ ဝန်ဆောင်မှုပေးကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝရရှိရန်နှင့် အခွန်ထမ်းပြည်သူများက အခွန်ဥပဒေများအရ ပေးဆောင်သင့်သည့် အခွန်ငွေများကို တာဝန်သိစွာပေးဆောင်လာစေမည့် အခွန်ယဉ်ကျေးမှုထွန်းကားလာစေရန် အသိပညာပေးစည်းရုံး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ လျော့နည်းလွတ်ကင်းမှုမရှိဘဲ ဥပဒေနှင့်အညီ အပြည့်အဝကောက်ခံရရှိနိုင်ရေးကို ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ရှင်းလင်းလွယ်ကူသော အခွန်စနစ်များ ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနကို ပွင့်လင်းမြင်သာမှုရှိသည့် ခေတ်မီသောအခွန်ဌာနတစ်ခုဖြစ်လာစေရန် ဦးတည်အကောင်အထည်ဖော်နေသဖြင့် ယင်းလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် သင်တန်းသား သင်တန်းသူများ အပါအဝင် အခွန်ဝန်ထမ်းများအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပြည်သူများအတွက်ဝန်ဆောင်မှုပေးသည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် အစဉ်တစိုက်ကြိုးစားကြခြင်းဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဂုဏ်ကို ဆောင်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း မှာကြားသည်။

ယခုဖွင့်လှစ်သောသင်တန်းတွင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများကို ကောက်ခံရာ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေ၊ တံဆိပ်ခေါင်းခွန်ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ဆက်စပ်သည့်ဥပဒေပြဋ္ဌာန်းချက်များ၊ အောင်ဘာလေသိန်းဆုခွန်နှင့်စပ်လျဉ်းသည့် ညွှန်ကြားလွှာများ၊ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်းသည့် စီမံရေးရာ၊ ငွေစာရင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ၊ အခွန်မူဝါဒနှင့် သုတေသနဆိုင်ရာကိစ္စရပ်များ၊ အခွန်ကောက်ခံမှုဆိုင်ရာသတင်းအချက်အလက် ရှာဖွေစုဆောင်းခြင်းနှင့် နည်းပညာအသုံးပြုအခွန်ကောက်ခံသည့်စနစ်များကို ပို့ချပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် သင်တန်းသူများအား ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းအား ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသို့ပြည်တွင်းအခွန်များဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အခြေခံသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၂၄

ပြန်ကြားရေး ဝန်ကြီးဌာန အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှု အခြေခံသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက မိမိတို့ ထမ်းဆောင်နေသည့် မီဒီယာလုပ်ငန်းတွင် အကျုံးဝင်နေသည့် ဘာသာစကားများအားလုံးကို သိရှိနှံ့စပ်နေမည်ဆိုပါက လုပ်ငန်းများ လုပ်ဆောင်ရာတွင် ပိုမိုအဆင်ပြေချောမွေ့မည်ဖြစ်ပါကြောင်း၊ မီဒီယာလုပ်ငန်းတွင် သာမက ရုံးလုပ်ငန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြောဆိုဆက်သွယ်ရာ၌ အင်္ဂလိပ်ဘာသာသည် နိုင်ငံတကာသုံးဘာသာဖြစ်သည့်အတွက် အင်္ဂလိပ်ဘာသာစကား အရည်အသွေးကောင်းမွန်နေရန် လိုအပ်ပါကြောင်း။

နည်းပညာခေတ်ဟူ၍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အညီ သတင်း အချက်အလက်နည်းပညာများသည်လည်း အချိန်နှင့်အမျှပြောင်းလဲတိုးတက်နေပါကြောင်း၊ အင်္ဂလိပ်ဘာသာအပြင် ကွန်ပျူတာ၊ ဒစ်ဂျစ်တယ်နည်းပညာတို့တွင် အင်္ဂလိပ်ဘာသာ အခြေခံကျွမ်းကျင်ရန် လိုအပ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် အင်္ဂလိပ်စာကျွမ်းကျင်မှု အခြေခံသင်တန်းမှ သင်ကြားပေးလိုက်သည့် အသိပညာများကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်ရေး ဆက်လက်လေ့လာ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပညာရေးဝန်ကြီးဌာနမှ သင်တန်းနည်းပြ ဆရာမ ဒေါ်စောလှနန္ဒာအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဌာနများမှဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေး ကောင်းမွန်စေရေးအတွက် ရည်ရွယ်၍ ပထမအကြိမ်သင်တန်းကို ၂၀၂၂ ခုနှစ် ဧပြီ ၂၇ ရက်မှ ဇွန် ၂၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် သင်တန်းသား သင်တန်းသူ ၃၉ ဦးဖြင့် မတ် ၆ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမပိုင်ဆီစက်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၂၄

ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် သမဝါယမအသင်းများက ဆီစက်များ တည်ထောင်ဆောင်ရွက်လျက်ရှိရာ ဆီစက်များစွမ်းအားပြည့် လျာထားချက်ပြည့်မီအောင် ထုတ်လုပ်လည်ပတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်ရုံးအစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီခွဲက အွန်လိုင်းဖြင့် ကျင်းပသည်။

ယင်းအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ဆီစက်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ကြရန်၊ သီးနှံများပေါ်ချိန်တွင် ကုန်ကြမ်းများ ဝယ်ယူသိုလှောင်ထားရန်၊ ဈေးကွက်များရရှိနိုင်ရေး သမဝါယမအသင်းသားတောင်သူများက ဆီထွက်သီးနှံများ လာရောက်ရောင်းချပါက Refund ပြန်လည်ထုတ်ပေးနိုင်ရေးတို့အတွက် ဆွေးနွေးခဲ့သည်။

သမဝါယမအသင်းအနေဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာတွင် ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းပိုင် ဆီစက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နှင့် အောင်လံမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် ဟင်္သာတမြို့နယ်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့တွင် သမဝါယမအသင်းပိုင် ဆီစက်များ တည်ထောင်လည်ပတ်၍ ဆီကြိတ်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဆီစက်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ဆီထွက်နှုန်း ကောင်းမွန်စေရေးနှင့် ဆီကျန်ပါဝင်မှု နည်းပါးစေရေးတို့အတွက်လည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



နေပြည်တော် မတ် ၂၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co., Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၀ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရသည်။ **သတင်းစဉ်**

သက်ရှိကမ္ဘာရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် ငါးပုစွန်ထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး ကြိုးပမ်းအကောင်အထည်ဖော်



**နေပြည်တော် မတ် ၂၄**

ပြည်တွင်းစားသုံးမှုအတွက် အသားငါးဖူလုံပိုလျှံရေး၊ ပို့ကုန်တိုးမြှင့်ရေးနှင့် ရေရှည်တည်တံ့သောငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးလာရေးအတွက် ဌာနပုဂ္ဂလိကနှင့်တောင်သူတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ရေနေသတ္တဝါဆိုင်ရာသုတေသနများ၊ ငါး၊ ပုစွန် မျိုးရိုးဗီဇနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ မျိုးမွေးမြူထိန်းသိမ်းခြင်းနှင့် မျိုးကောင်းမျိုးသန့် ပွားများထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများတွင်လည်း သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြင်ထပ်အော်ကျေးရွာရှိ မွေးမြူရေးသုတေသနဦးစီးဌာန၏ သုတေသနစခန်း၌ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

အလားတူ ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကျွန်းစုမြို့နယ် ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ရေပေါ်လှောင်အိမ်ဖြင့်မွေးမြူထားသည့် ကမာမွေးမြူထားရှိမှုနှင့် ကတ်တလူ ပုစွန်မွေးမြူရေးကန်များ၊ ပြည်ပပို့ကုန်အဖြစ် တင်ပို့ရန် ပုစွန်ထုပ်ပိုးနေမှုများကိုကြည့်ရှုစစ်ဆေးအားပေးပြီး ဒုတိယဝန်ကြီးက စံချိန်စံညွှန်းမီ အရည်အသွေးကောင်းပို့ကုန်များအဖြစ် နာမည်ရရှိပြီး ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ လုပ်ငန်းရှင်များအကြား အပြန်အလှန်ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ပိုမိုအားကောင်းသော မြန်မာ့ရေထွက်ကုန်အစုအဖွဲ့ကြီးအဖြစ် အောင်မြင်စွာ လုပ်ကိုင်နိုင်ရေး ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် မြိတ်ခရိုင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး မြိတ်ခရိုင်နှင့် မြိတ်မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများကိုတွေ့ဆုံ၍ ဒုတိယဝန်ကြီးက ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် သီးနှံအလိုက် မြေဆီအာဟာရလိုအပ်ချက်များ နည်းပညာများ ဖြန့်ဖြူးပေးရန်၊ ဆီအုန်းသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ဆီသီးခိုင်အရည်အသွေးမြင့်မားရေးနှင့် လေလွင့်မှု လျှော့ချနိုင်ရေး၊ အကောင်းဆုံး ဆီသီးခိုင်ခူးချိန်ဆိုင်ရာနည်းပညာနှင့် အသိပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ မိသားစု တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် လက်တွေ့ဆန်ပြီး အမှန်လုပ်ကိုင်ဆောင်ရွက်နိုင်သည့်နည်းလမ်းများကို လိုအပ်နေသူများ လက်ဝယ်အရောက်ဖြန့်ဖြူးပေးရန်၊ ရေလုပ်သားများ ဘေးကင်းလုံခြုံရေးနှင့် ရေရှည်အသက်မွေးဝမ်းကျောင်းအတွက် လုပ်ငန်းကျွမ်းကျင်မှု မြှင့်တင်ပေးသောသင်တန်းများ ဆောင်ရွက်ပေးရန်၊ နိုင်ငံ့ဝန်ထမ်းများစိတ်ပိုင်း၊ ရုပ်ပိုင်း ကျန်းမာစွာဖြင့် တာဝန်များကျေပွန်စွာ ထမ်းဆောင်နိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာမျက်မြင်စစ်ဆေးရေးအဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်၍ နေရပ်စွန့်ခွာသူများ၏ မိသားစုဝင်များဟုဆိုသူများကို တွေ့ဆုံမေးမြန်းခဲ့




**နေပြည်တော် မတ် ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုး ဦးဆောင်သော အဖွဲ့ဝင် ၁၇ ဦးပါ မျက်မြင်စစ်ဆေးရေးအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာ့ဖ်မြို့သို့ မတ် ၁၅ ရက်မှ ၂၂ ရက်အထိ သွားရောက်ခဲ့သည်။

**စေလွှတ်ဆောင်ရွက်ပေးခဲ့**

ရွှေ့ပြောင်းစမ်းသပ်စီမံကိန်းဖြင့် ပြန်လည်လက်ခံရန်လျာထားသည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအနေဖြင့် မိသားစုလိုက် ပြန်လည်ဝင်ရောက်လိုကြောင်း မေတ္တာရပ်ခံလာသည့်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့အကြား ညှိနှိုင်းဆောင်ရွက်မှုဖြင့် ကျန်ရှိသည့် မိသားစုဝင်များကို စိစစ်နိုင်ရေးအတွက် မြန်မာဘက်က မျက်မြင်စစ်ဆေးရေးအဖွဲ့ကို ယခုကဲ့သို့ စေလွှတ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

**မေးမြန်းရယူ**

အဆိုပါ မျက်မြင်စစ်ဆေးရေးအဖွဲ့သည် နေရပ်စွန့်ခွာသူများ၏ ဆက်စပ်မိသားစုဝင်ဟုဆိုသူ ၄၈၀ ကျော်ကို တက္ကနာ့ဖ်မြို့တွင် တွေ့ဆုံခဲ့ပြီး ၎င်းတို့ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း အထောက်အထားများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ထပ်မံမွေးဖွားသည့် ကလေးများ၏ အချက်အလက်များကို မေးမြန်းရယူခဲ့ကာ မြန်မာဘက်ရှိ သက်ဆိုင်ရာကော်မတီများထံ တင်ပြ၍ လိုအပ်သည့်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းလှမြို့နယ်ရှိ မွေးမြူရေးခြံများ၌ ပိုးသတ်ဆေးပက်ဖျန်း

**မင်းလှ မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပိုးသတ်ဆေးဖျန်းခြင်း ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ရပ်ကွက်/ကျေးရွာများအတွင်းရှိ မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်/ ကျေးရွာများအတွင်းရှိ မွေးမြူရေးခြံများ၌ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါများ ကူးစက်မှုမဖြစ်ပေါ်စေရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခြင်းဖြစ်ကြောင်းနှင့် ပိုးသတ်ဆေးအသုံးပြုပုံ၊ အသုံးပြုနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နွား၊ ကြက်၊ ဝက်၊ ဆိတ် မွေးမြူကြသည့် မွေးမြူရေးခြံများ၌ ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေး ကျင်းပ




**နေပြည်တော် မတ် ၂၄**

မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကို မတ် ၂၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မြန်မာနိုင်ငံဘက်ခြမ်း မောင်တောမြို့ အမှတ်(၁)လူဝင်/ထွက် စစ်ဆေးရေးစခန်း (POE) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်နိုင်စိုး ဦးဆောင်သော ကိုယ်စားလှယ် ၁၁ ဦးနှင့် အမှတ်(၃၄) ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်(ကော့စ်ဘဇား) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး Muhammad Saiful Islam Chowdhury ဦးဆောင်သော ကိုယ်စားလှယ် ၁၅ ဦး အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် မြန်မာဘက်က မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဒေသတွင် လက်ရှိလုံခြုံရေးဆိုင်ရာ ကိစ္စ၊ နယ်စပ်ဒေသ၌ တရားမဝင် ခိုးဝင်မှုများနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ကလည်း နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား ပူးတွဲကင်းလှည့်ရေးဆိုင်ရာ ကိစ္စ၊ တပ်ရင်းမှူးအဆင့်အပြင် တပ်ခွဲမှူး၊ ကင်းစခန်းမှူးအဆင့်အလိုက် အလံတင် အစည်းအဝေး/ နှစ်ဖက်တွေ့ဆုံရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင် အစည်းအဝေးသည် မွန်းလွဲ ၁ နာရီ ၅ မိနစ်အချိန်တွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး လုပ်ငန်းခွင်အကြို သင်တန်းသား သင်တန်းသူများအား တွေ့ဆုံမှာကြား

**နေပြည်တော် မတ် ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့နံနက်ပိုင်းက ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ခရိုင်အဆင့်/ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သမဝါယမစနစ်ဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစီးဌာနအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်ကွင်းဆင်းဆောင်ရွက်ရေး၊ ပါတီနိုင်ငံရေးကင်းရှင်းရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ကျင့်ကြံနေထိုင်၍ ဌာနတွင်း စည်းလုံးညီညွတ်မှုတည်ဆောက်ရေး မှာကြားကာ ဝန်ထမ်းများ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အငယ်တန်းစာရေး၊ စာရင်းကိုင်(၄)၊ ဒုလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ အငယ်တန်းအင်ဂျင်နီယာ(၃)နှင့် (၄)တို့ကို တွေ့ဆုံ၍ ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မူဝါဒလုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး ဘာသာရပ်ဆိုင်ရာအလိုက် ကျွမ်းကျင်မှုရှိအောင် လေ့လာသင်ယူကြရန်၊ တာဝန်ကျရာ ဒေသအသီးသီးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။




**ကြည့်ရှုလေ့လာ**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဟဲဟိုးမြို့အနီးရှိ မျိုးချစ်နို့စားနွားမွေးမြူရေးခြံသို့ သွားရောက်ပြီး ဖရစ်ရှန်နို့စားနွား ၄၃ ကောင် မွေးမြူထားမှုကို ကြည့်ရှုလေ့လာရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်နှင့် လုပ်ငန်းရှင် ဒေါ်နီနီအောင်တို့က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ နွားမွေးမြူရေးလုပ်ငန်းမှ ဒိန်ချဉ်၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ဆောင်ရွက်လျက်ရှိပြီး နွားမွေးမြူရေးအတွက် နေပီယာနှင့် မွန်ဘားဆားမြက်များကိုလည်း စနစ်တကျ စိုက်ပျိုးထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးတို့ကို အောင်မြင်စွာ အကောင်အထည်ဖော်

**ရန်ကုန် မတ် ၂၄**

အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်မှ သင်ကြား/စီမံ အရာထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင်ဦးစိုးတင့်က သင်တန်းသား သင်တန်းသူများအနေဖြင့် နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားအတွင်း မိမိတို့၏ လုပ်ငန်းတာဝန်များကို နှစ်ကာလ အတိုင်းအတာတစ်ခုအထိ ထမ်းဆောင်ခဲ့ကြရာ အတွေ့အကြုံရှိသူများဖြစ်ပြီး ခေတ်အဆက်ဆက် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် လေးစားဂုဏ်ယူကြောင်း။



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်ဖြစ်သော တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးတို့ကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ မူဝါဒလိုက်နာရေး(Policy)၊ အခြေခံသဘောတရားနှင့် ကိုက်ညီရေး (Principle)၊ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်ရေး(Procedure) စသည့် လုပ်ငန်းစဉ်များကိုလည်း လိုက်နာကြရန် လိုအပ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်း၏ စိတ်နေစိတ်ထား(Mindset)ကို ဦးစွာပြောင်းလဲကြရမည်ဖြစ်ပြီး အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးပေးသော ပုဂ္ဂိုလ်များဖြစ်ကြ၍ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်တို့ကို သင်တန်းသား သင်တန်းသူများအနေဖြင့် အလေးထားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၃၄ ဦး၊ သင်တန်းသူ ၁၁၆ ဦး စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၆ ရက်မှ မတ်၂၄ ရက်ထိ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်သည် တက္ကသိုလ်၏ စီမံရေးရာအဖွဲ့၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံ၍ လုံခြုံရေး၊ စီမံရေးရာနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော တည်ဆောက်ရေးလုပ်ငန်းများ၊ တက္ကသိုလ်၏ မီးဖိုချောင်သုံး စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၆)သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၂၄**

အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၁၆)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။



**ချီးမြှင့်**

အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး ဆက်လက်၍ သင်တန်းသားစံပြဆုကို သင်တန်းသား ဦးအောင်ဇော်ဝင်း ဦးစီးအရာရှိ ပြည်ထောင်စုဝန်ကြီးရုံး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူ ဒေါ်ယမင်းစိုး ဦးစီးအရာရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအားလည်းကောင်း ချီးမြှင့်သည်။ ဆက်လက်၍ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ် ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ တက္ကသိုလ် သင်ကြားရေး/စီမံဌာနများမှ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိက ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**တက်ရောက်**

အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၁၆)သို့ သင်တန်းသား ၂၀၇ ဦး၊ သင်တန်းသူ ၂၄၇ ဦး စုစုပေါင်း ၄၅၄ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်အထိ Distance Learning ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂၄ ရက်ထိ In-House Learning ဖြင့် လည်းကောင်း တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၂၄**

ကပ္ပလီ ပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ပြင်သစ်နိုင်ငံ၌ ဝန်ထမ်းများ၏ ပင်စင်အသက်ကို ၆၄ နှစ်သို့ တိုးမြှင့်ခြင်းအပေါ် ပြည်သူများက ဆန္ဒထုတ်ဖော်

**ပါရီ မတ် ၂၄**

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ဝန်ထမ်းများ၏ ပင်စင်အသက်ကို လက်ရှိ ၆၂ နှစ်မှ ၆၄ နှစ်သို့ တိုးမြှင့်ခြင်းအပါအဝင် အခြားသောအုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးမူဝါဒများကြောင့် ပါရီမြို့တော်၌ ပြည်သူတစ်သိန်းခန့် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

ပြင်သစ်အစိုးရသည် ပင်စင်အသက်ကို လက်ရှိ ၆၂ နှစ်မှ ၆၄ နှစ်သို့ တိုးမြှင့်ခြင်းအပါအဝင် အခြားသော အုပ်ချုပ်ရေးဆိုင်ရာမူဝါဒများကို ပြောင်းလဲရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ပြင်သစ်အစိုးရသည် ပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်းကို ပါလီမန်အတွင်း မဲခွဲဆုံးဖြတ်ခြင်းမရှိဘဲ အတင်းအကျပ်ထောက်ခံရန် ဖိအားပေးခဲ့သည်။

အစိုးရ၏ လုပ်ဆောင်ချက်များကြောင့် ပြင်သစ်နိုင်ငံတစ်ဝန်း၌ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

ပါရီမြို့၌ ပြည်သူရှစ်သိန်းခန့်သည် ပင်စင်သက်တမ်းပြုပြင်ပြောင်းလဲမှုကို ကျေနပ်မှုမရှိသည့်အတွက် ယမန်နေ့က ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ဆန္ဒမဲမပေးဘဲ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြုပြင်ပြောင်းလဲရေးဥပဒေကို ရုပ်သိမ်းပေးရန် ဆန္ဒပြသူများက တောင်းဆိုလျက်ရှိသည်။

မက်ခရွန်ဦးဆောင်သည့် အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များသည် လမ်းကြောင်းမှားသို့ ဦးတည်နေကြောင်း အသက် ၄၃ နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောကြားခဲ့ပြီး မဲခွဲဆုံးဖြတ်ခြင်းမရှိသည့် ဥပဒေကြမ်းကို လက်ခံကျင့်သုံးခြင်းသည် ဒီမိုကရေစီစနစ်တွင် မဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် နိုင်ငံ၌ အချို့သောနေရာများ၌ ဆန္ဒထုတ်ဖော်သူများနှင့် ရဲအရာရှိများ ထိပ်တိုက်တွေ့ဆုံမှုများရှိခဲ့ကြောင်း သိရသည်။



ပြင်သစ်အစိုးရသည် ပြုပြင်ပြောင်းလဲရေး ဥပဒေကို တရားဝင်ကြေညာရန် စီစဉ်လျက်ရှိသော်လည်း အတိုက်အခံပါတီများနှင့် အလုပ်သမားသမဂ္ဂများက ဆန္ဒထုတ်ဖော်မှုများ ဆက်လက်ဆောင်ရွက်ရန် ပြည်သူများအား တိုက်တွန်းလျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဗီယက်နမ်နိုင်ငံ၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အထောက်အကူပေးနိုင်ရေး ဆောင်ရွက်

**ဟနွိုင်း မတ် ၂၄**

ဗီယက်နမ်နိုင်ငံ၌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အထောက်အကူပေးနိုင်ရန်အတွက် မူဝါဒများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များကြောင့်ဖြစ်ကြောင်း ဒေသန္တရမီဒီယာက ယနေ့တွင် ရေးသားဖော်ပြသည်။

နိုင်ငံအတွင်းရှိ ကုန်ပစ္စည်းထုတ်လုပ်ရေး၊ သတင်းအချက်အလက် နည်းပညာကဏ္ဍတို့၌ အမျိုးသားဒီဂျစ်တယ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို မြှင့်တင်ပြီး ပုဂ္ဂလိကလုပ်ငန်းများ၏ လုပ်ငန်းလုပ်ဆောင်မှုများကို မြှင့်တင်သွားမည်ဖြစ်ကြောင်းလည်း ဒုတိယဝန်ကြီးချုပ် Le Minh Khai ၏ ပြောကြားချက်ကိုကိုးကား၍ ဒေသခံသတင်းစာ ဗီယက်နမ်နယူးစ်က ရေးသားသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ထုတ်လုပ်မှုနှင့် လုပ်ငန်းပုံစံများကို ခေတ်မီအောင် လုပ်ဆောင်သင့်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အိန္ဒိယဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုအား အရည်အသွေးမမီသည့် ချောင်းဆိုးပျောက်ဆေးထုတ်လုပ်မှုဖြင့် လုပ်ငန်းလိုင်စင်ရုပ်သိမ်း

**နယူးဒေလီ မတ် ၂၄**

ဥဇဘက်ကစ္စတန်နိုင်ငံ၌ ချောင်းဆိုးပျောက်ဆေးသောက်သုံးမှုကြောင့် ကလေး ၁၈ ဦး သေဆုံးရသည့်ကိစ္စနှင့်ပတ်သက်၍ စံချိန်မမီသည့် ချောင်းဆိုးပျောက်ဆေးထုတ်လုပ်သည့် အိန္ဒိယဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ Marion Biotech ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကိုရုပ်သိမ်းလိုက်ကြောင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ် တာဝန်ရှိသူများက ပြောကြားသည်။

**စုံစမ်းစစ်ဆေးမှုများ စတင်ဆောင်ရွက်**

၎င်းကုမ္ပဏီမှ ထုတ်လုပ်သည့် ချောင်းဆိုးပျောက်ဆေးများသည် ဆေးဝါးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက် အဆင့်မမီကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇန်နဝါရီလအတွင်းက သတိပေးခဲ့သည်။ လက်တွေ့စမ်းသပ်ချက်များအရ ချောင်းဆိုးပျောက်ဆေး Doc-1 Max သည် ဆေးဝါးအတုဖြစ်ကြောင်း တွေ့ရှိခဲ့ ပြီးနောက် ရဲတပ်ဖွဲ့က ဆေးဝါးကုမ္ပဏီမှ တာဝန်ရှိသူများကို ဖမ်းဆီးခဲ့သည်။ အဆိုပါ ချောင်းဆိုးပျောက်ဆေး သောက်သုံးမှုကြောင့် ယမန်နှစ် ဒီဇင်ဘာလအတွင်း ဥဇဘက်ကစ္စတန်နိုင်ငံ၌ ကလေးများ သေဆုံးခဲ့၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးမှုများ စတင်ဆောင်ရွက်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဂျပန်နိုင်ငံ၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားဦးရေ သုံးသန်းကျော်အထိ မြင့်တက်လာ

**တိုကျို မတ် ၂၄**

ဂျပန်နိုင်ငံ၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားဦးရေသည် ယမန်နှစ်ကုန်ပိုင်းအထိ သုံးသန်းကျော်အထိ မြင့်တက်လာပြီး ပထမဆုံးအကြိမ် စံချိန်တင်ခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီက အဆိုပါအရေအတွက်သည် ၃၀၇၀၀၀၀ အထိ ရှိလာပြီး ယခင်နှစ်ကထက် ၃၁၀၀၀၀ ကျော် မြင့်တက်ခဲ့ကြောင်း သိရသည်။

ပြည်ပ နိုင်ငံသားများအနက် ကျောင်းသား ကျောင်းသူဦးရေ ၃၀၀၀၀၀ ကျော်အထိ ရှိလာပြီး ယမန်နှစ်ကထက် ၈၀၀၀၀ ကျော် မြင့်တက်လာကြောင်း သိရသည်။ ထို့ပြင် နည်းပညာဆိုင်ရာ ပြည်ပနိုင်ငံသားအလုပ်သင် အရေအတွက်သည် ၅၀၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ ၃၂၀၀၀၀ ကျော်အထိ မြင့်တက်လာကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းများကို နယ်စပ်ဒေသများ၌ ဖြေလျှော့လိုက်ခြင်းကြောင့် အလယ်အလတ်မှ ကာလရှည်နေထိုင်ခွင့် လျှောက်ထားသူ အရေအတွက် မြင့်တက်လာကြောင်း လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီတာဝန်ရှိသူများက ပြောသည်။

ဗီဇာသက်တမ်း ကျော်လွန်သွားသူများအပါအဝင် အခြားအကြောင်းများကြောင့် နိုင်ငံတွင်းမှ ထွက်ခွာရမည့် ပြည်ပနိုင်ငံသား အရေအတွက်သည် ၁၀၃၀၀ ကျော် အထိရှိလာခဲ့သည်။ အဆိုပါ အရေအတွက်သည် ယခင်နှစ်ကထက် ၇၇၀၀ ခန့် လျော့ကျလာကြောင်း သိရသည်။ ပြည်နှင်ဒဏ်ပေးခံရသူပေါင်း ၄၈၀၀ ခန့်ရှိပြီး ယခင်နှစ်ကထက် ၆၇၀ ကျော် မြင့်တက်လာခဲ့သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# တရုတ်နိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးလုပ်ငန်းများ မြှင့်တင်

**ပေကျင်း မတ် ၂၄**

တရုတ်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးလုပ်ငန်းများကို ၂၀၃၅ ခုနှစ်အထိ ဆက်တိုက်မြှင့်တင်သွားမည်ဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများက ပြောသည်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းသည် နိုင်ငံ၏ ပထမဦးစားပေးလုပ်ငန်းတွင် ပါဝင်ကြောင်း တရုတ်ကွန်မြူနစ်ပါတီနှင့် နိုင်ငံတော်ကောင်စီတို့၏ ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။ ကျန်းမာရေးကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အား သိပ္ပံနည်းကျပြီး အစွမ်းထက်ထိရောက်စေရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ ကြိုးပမ်းအားထုတ်မှုများကို ဆောင်ရွက်သွားပါက ၂၀၃၅ ခုနှစ်အရောက်တွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ယခုထက်များစွာတိုးတက်လာမည်ဖြစ်ကြောင်း အထက်ပါကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၌ ရိုးရာတိုင်းရင်းဆေးပညာမြှင့်တင်ရေးအပြင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နည်းပညာများကို အဆင့်မြှင့်တင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၌ အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်သွားမည်ဟု သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

### အရေးယူခြင်းများဆောင်ရွက်

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး သရက်မြို့နယ် သိမ်ကြီးလမ်းနေ အိသဲဖြူ(ခ)အေးမြတ်မွန်သည် ၎င်းအသုံးပြုသည့် “Thae Thae” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ် မောရဂီဝါရပ်ကွက်နေ ဟန်ထွဋ်စိုးသည် ၎င်းအသုံးပြုသည့် “Han Htut Soe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ သက်နောင်သည် ၎င်းအသုံးပြုသည့် “That Naung” Facebook အကောင့်၊ မြောက်ဥက္ကလာပမြို့နယ်နေသူများဖြစ်ကြသည့် ဖြိုးဟိန်းကျော်နှင့် စံလင်းအောင်(ခ)ဇွဲထက်တို့သည် ၎င်းတို့အသုံးပြုသည့် “Phyo Hein Kyaw” Facebook အကောင့်နှင့် “Zwe Htet” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ခင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်ပစ်ခတ်ဖောက်ခွဲတိုက်ခိုက်ရာတွင် အသုံးပြုသည့် လက်လုပ်စိန်ပြောင်း၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်ပစ်ခတ်ဖောက်ခွဲတိုက်ခိုက်ရာတွင် အသုံးပြုသည့် လက်လုပ်စိန်ပြောင်း၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၃ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြကန်ကျေးရွာအတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအတွင်းမှ လက်လုပ်စိန်ပြောင်း ၁၀ လက်၊ လက်လုပ်ရှေ့ထွက်မိုင်း သုံးလုံး၊ လက်လုပ်မိုင်း သုံးလုံး၊ ၁၂ ဗို့ကျည် ၂၂ တောင့်၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ကျည်ကာအင်္ကျီတွင်ထည့်သော သံပြား နှစ်ချပ်၊ ဆိုင်ကယ်ဘက်ထရီအိုး နှစ်လုံး၊ ပြောက်ကျားဦးထုပ် တစ်လုံး၊ လျှာထိုးဦးထုပ် တစ်လုံး၊ ပြောက်ကျားလည်တိုဖိနပ် သုံးရန်၊ လက်လုပ်စိန်ပြောင်း ဒေါက်တိုင် လေးချောင်း၊ ဝါးညှပ် သုံးခု၊ ဆေးထိုးပိုက် 20 CC အချောင်း၂၀၊ အရှည် ပေ ၃၀ ခန့်ရှိ ဝိုင်ယာကြိုး သုံးခွေ၊ အရှည် ပေ ၂၀၀ ခန့်ရှိ နိုင်လွန်ကြိုး တစ်ခွေနှင့် အရှည် ပေ ၁၀၀ ခန့်ရှိ ငါးမျှားကြိုး(တိုက်ကြိုး)တစ်ခွေတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် စနစ်တကျဖျက်ဆီးခဲ့ကြောင်း သိရသည်။



ထိုသို့ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများကို ဖမ်းဆီးရမိနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# သနပ်ပင်မြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းသုံး ခြံဖျန်းဆေးများ လိုက်လံဖျန်းပေး

သနပ်ပင် မတ် ၂၄

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ဘူတာပိုင်းရပ်ကွက် တဝက်ဇရပ်ရှိ အသားစားကြက် မွေးမြူရေးခြံများအား ခြံဖျန်းဆေးများ လိုက်လံဖျန်းပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးအောင်က မွေးမြူရေးခြံများအား ဇီဝလုံခြုံမှုပိုမို ဆောင်ရွက်ပေးရန်၊ ကူးစက်ရောဂါများဖြစ်ပွားမှု မဖြစ်စေရန်နှင့် မွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခြံဖျန်းဆေးများ လိုက်လံဖျန်းပေးခြင်းဖြစ်ကြောင်း၊ ခြံဖျန်းပိုးသတ်ဆေးများကို အသုံးပြုပုံ၊ အသုံးပြုနည်းများအား ရှင်းလင်းပေးပြီး ကြက်၊ ဝက်၊ ဘဲ မွေးမြူကြသည့် မွေးမြူရေးလုပ်ငန်းရှင်များအား ဇီဝလုံခြုံမှုမြှင့်တင်ပေးရန် ခြံဖျန်းပိုးသတ်ဆေးများ ပိုမိုသုံးစွဲရန် ခြံပိုင်ရှင်များအား လမ်းညွှန်မှာကြားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မုဒုံမြို့၌ သဘာဝဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်



မုဒုံ မတ် ၂၄

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ခြင်းကို ယမန်နေ့နံနက် ၈ နာရီ က ဖူရှင်းရော်ဘာစက်ရုံ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးအရာရှိ ဦးဖုန်းမြင့်အေးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ကြိုတင် ဆောင်ရွက်ထားရှိရန် ပညာပေးဟောပြောပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိဒေါ်သိမ့်သိမ့်အောင်က ငလျင်ဘေးအန္တရာယ် ဖြစ်ပွားပါက ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းအောင် ကာကွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်ဆေးဘူး စနစ်တကျ အသုံးပြုပုံ၊ မီးငြိမ်းသတ်နည်း၊ မီးလောင်မှု ဖြစ်ပွားပါက မီးငြိမ်းသတ်ယာဉ်များဖြင့် ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ခြင်း၊ ငလျင်တစ်ခု လှုပ်ခတ်ရာတွင် ဘေးကင်းလုံခြုံအောင် နေရာယူခြင်း၊ အဆောက်အအုံအတွင်းမှ ပြေးထွက်လာပြီး ဘေးလွတ်သည့်နေရာသို့ ထွက်ခွာခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပိတ်မိနေသူများအား ကယ်ထုတ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား ကယ်ထုတ်ခြင်းနှင့် ရှေးဦးသူနာပြုစုပေးခြင်း စသည့် ဇာတ်တိုက် လေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ်ကမ်းရိုးတန်းဒေသများနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၂၄**

တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသော တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား မတ် ၁ ရက်မှ ၂၂ ရက်အထိ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဆိပ်ခံတံတား (သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်မိသားစုများနှင့် သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ချိုချိုလွင်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များသည် ရခိုင်ကမ်းရိုးတန်းဒေသများဖြစ်သော ဂွမြို့၊ သံတွဲမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စု သဖြုချိုင်ကျေးရွာ၊ ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာ၊ မာန်အောင်မြို့နယ်၊ ကျောက်ဖြူမြို့နယ် စနဲမြို့၊ မြောက်ဦးခရိုင် မြေပုံမြို့နယ်၊ စစ်တွေခရိုင် ပေါက်တောမြို့ရှိ ပြိုင်းတောင်ကျေးရွာအုပ်စု စိုးမဲကျီကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် အနီးတစ်ဝိုက်ဒေသများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၄၈၁၆ ဦး၊ ခွဲစိတ်ရောဂါ ၈၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆၀၉ ဦး၊ ကလေးရောဂါ ၇၈၀၊ အရိုးရောဂါ ၂၈၈၄ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၁၁၇၉ ဦး၊ မျက်စိရောဂါ ၃၅၀၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၂၃၂ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၅၈၂၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၁၄၂ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ၁၀၀ တို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၆၅ ဦး၊ အာထရာဆောင်းရိုက်လူနာ ၁၁၅၈ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၃၈၈ ဦးနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁၀၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)ဖြင့် ပြန်လည် ရောက်ရှိလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့ဝင်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဗိုလ်ချုပ်ထိန်ဝင်းက ပေးအပ်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်း ဒေသများနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၆)ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၄၁၉၉၄ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၁၈ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုအပေါ် တာဝန်ရှိသူတွေရဲ့ ရင်တွင်း ပီတိစကားသံတွေကို အခုလိုပဲ ကြားသိခဲ့ရပါတယ်-

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်အောက်ခံတပ်ရင်းတပ်ဖွဲ့တွေကို သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဒုက္ခရောက်နေတဲ့ ပြည်သူလူထုထံ အထက်အမိန့် တစ်စုံတစ်ရာစောင့်ဆိုင်းမှုမလိုဘဲ အမြန်ဆုံးသွားရောက်ပြီး စာနာကူညီပေးဖို့ ရှင်းလင်းစွာ ညွှန်ကြားချက်ပေးခဲ့တဲ့အပြင် ကျန်းမာရေး စောင့်ရှောက်မှုအနေနဲ့ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိဘူးဆိုတဲ့ ညွှန်ကြားချက်တွေ ညွှန်ကြားပေးခဲ့တဲ့အတွက် ဝေးလံခေါင်ဖျားပြီး သွားလာရခက်ခဲတဲ့ ကမ်းရိုးတန်းတစ်လျှောက်မှာရှိတဲ့ မြို့၊ ရွာများကို ပင်လယ်သွား ဆေးကုရေယာဉ်သံလွင်နဲ့ လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသတွေနဲ့ မြစ်ချောင်းတစ်လျှောက်မှာ ရှိတဲ့ပြည်သူလူထုအတွက် မြစ်တွင်းသွားဆေးကုရေယာဉ် ရွှေပုဇွန်နဲ့ တစ်နှစ်လျှင်နှစ်ကြိမ်မှ သုံးကြိမ်စေလွှတ်ပြီး ဆေးကုသမှုဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခုချိန်အထိ ပင်လယ်သွား ဆေးကုရေယာဉ်သံလွင်နဲ့ မြစ်တွင်းသွားဆေးကုရေယာဉ် ရွှေပုဇွန်တို့ဟာ ဆေးကုသမှု ခရီးစဉ်စုစုပေါင်း (၃၃)ကြိမ်အထိ သွားရောက်နိုင်ခဲ့ပြီး ဆေးကုသပေးတဲ့ပြည်သူလူထု စုစုပေါင်း ၃၀၆၈၀၁ ဦး၊ ကလေးမီးဖွားနိုင်မှု ၄၃ ဦးအထိ ကျန်းမာရေးဆိုင်ရာကာကွယ်ကုသမှု ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခု ဆေးကုသမှုခရီးစဉ်ရဲ့ ထူးခြားမှုတစ်ခုကတော့ တပ်မတော် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ပါရဂူများ၊ သူနာပြုများပါဝင်တဲ့ နယ်လှည့်ဆေးကုသမှုအဖွဲ့အပြင် ကျန်းမာရေးဦးစီးဌာနက ပါရဂူများ၊ သူနာပြုများပါဝင်တဲ့ ဆေးကုသမှုအဖွဲ့ဟာ ဝေးလံခေါင်ဖျားပြီး သွားလာရခက်ခဲတဲ့ ရခိုင်ပြည်နယ်ကမ်းရိုးတန်း တစ်လျှောက်နဲ့ ကိုကိုးကျွန်းမြို့နယ်က ဒေသခံပြည်သူလူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ကုသပေးနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ပြည်သူအပေါ်ထားရှိတဲ့ စိတ်ရင်းစေတနာကောင်းများနဲ့ လမ်းညွှန်မှုတွေကြောင့် ပြည်သူလူထုအတွက် အဓိကလိုအပ်တဲ့ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုကို ထိထိရောက်ရောက် ကုသပေးနိုင်မှုကြောင့် များစွာအကျိုးရှိခဲ့ပါတယ်။ ဆေးကုသမှုပေးခဲ့တဲ့နေရာတွေက လူနာတွေနဲ့ တာဝန်ရှိသူတွေရဲ့ ရင်တွင်းကလာတဲ့ ကျေးဇူးတင်စကား၊ ဆုတောင်းမေတ္တာစကားသံများကို ကြားတဲ့အခါမှာ ကျွန်တော်တို့ရဲ့ ဆွေမျိုးသားချင်းတွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးရသလို ရင်ထဲမှာခံစားရပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ ပင်လယ်သွားဆေးကုရေယာဉ်သံလွင်ရဲ့ (၁၆)ကြိမ်မြောက် နယ်လှည့်ဆေးကုသမှုခရီးစဉ်မှာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်၊ ရေတပ်စခန်းဌာနချုပ်နဲ့ တပ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များမှ တစ်တပ်တစ်အားပါဝင်ဖြည့်ဆည်း ပေးခဲ့တဲ့အတွက် ကမ်းရိုးတန်း တစ်လျှောက်နဲ့ ကျွန်းများမှာနေထိုင်တဲ့ မိဘပြည်သူတွေရဲ့ ကျန်းမာရေးဆိုင်ရာ ဆေးကုသမှု လုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်တဲ့အတွက် ပြည်သူ့ပုလဲသွယ်ဆိုတဲ့ အဓိပ္ပာယ်ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားလိုပါတယ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ အထူးကုဆေးအဖွဲ့ဝင်များကို ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများအား ဗိုလ်ချုပ်ထိန်ဝင်းက ပေးအပ်စဉ်။







တာဝန်ရှိသူများ

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များနဲ့ ကျန်းမာရေး ဝန်ကြီးဌာနမှ ဆရာဝန်၊ ပါရဂူ၊ သူနာပြုများပါဝင်တဲ့အဖွဲ့များက ပင်လယ်သွား ဆေးရုံရေယာဉ် သံလွင်နဲ့ ဆေးကုသမှု လုပ်ငန်းများကို (၁၆)ကြိမ်မြောက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရ ပင်လယ်သွားခြင်းဟာ ပထမဆုံး အကြိမ်ဖြစ်တဲ့အတွက် သွားလာမှုများမှာ ခက်ခဲပင်ပန်းကြတယ်လို့ ထင်ခဲ့မိပါတယ်။ တကယ့်တကယ် သွားရောက်ကုတဲ့ အခါမှာတော့ ပြည်သူတွေရဲ့ ကျန်းမာရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်သူတွေရဲ့ တွေ့ကြုံနေရတဲ့ ကျန်းမာရေးပြဿနာတွေကို ခေတ်မီ စက်ကိရိယာတွေနဲ့ စနစ်တကျ ဖော်ထုတ် ဖြေရှင်းပေးနိုင်ခဲ့တာတွေ၊ ပြည်သူတွေကြုံတွေ့နေရတဲ့ မျက်စိဆိုင်ရာပြဿနာတွေ အပါအဝင် အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့တာတွေ၊ ပြည်သူတွေရဲ့ ရောဂါအဝဝကို ကျန်းမာရေးဆိုင်ရာပါရဂူတွေနဲ့ စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့တာတွေ၊ သားဖွားရန်ခက်ခဲတဲ့ မိခင်များကို စနစ်တကျအကြံပြုခဲ့ပြီး ခွဲစိတ်မှုတစ်ကြိမ် အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့တာတွေ၊ ဒါ့အပြင် ရောဂါပျောက်ပြီး သူတို့ရဲ့အပြုံးပန်းတွေ၊ သူတို့ရဲ့ ဝမ်းသာပီတိဖြစ်မှုတွေ၊ သူတို့ရဲ့ ကျေးဇူးတင်စကားတွေ ကြုံတွေ့ရတဲ့ အခါမှာတော့ ကျွန်တော်တို့ရဲ့ ပင်ပန်းမှုတွေ အားလုံးဟာ မြူမှုန်မျှမကျန် အကုန်လုံး ပြေပျောက်သွားခဲ့ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဆေးဝန်ထမ်းတပ်ဖွဲ့များအနေနဲ့ နောင်အခါများလည်း ယခုကဲ့သို့ ခရီးစဉ်များမှာ ဆတက်ထမ်းပိုးတိုးမြှင့် အားဖြည့်ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချမိပါတယ်။ အခုလိုခရီးစဉ်တွေမှာ ပြည်သူလူထုရဲ့ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုတွေကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တာကတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ခေတ်မီစက် ကိရိယာပစ္စည်းများ၊ ခေတ်မီ ဆေးရုံးသုံးပစ္စည်းများ၊ ခေတ်မီဆေးဝါးများ ဆောင်ရွက်မှုများနဲ့ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ပြည့်စုံလုံလောက်မှုရှိခြင်းတို့ကြောင့် စွမ်းဆောင်နိုင်ခဲ့ကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာနမှ တွဲဖက်ပါမောက္ခ ဖြစ်ပါတယ်။ အခုဆေးအဖွဲ့နဲ့ လိုက်ပါလာတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ ဆေးတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုက်ပါလာရခြင်း ဖြစ်ပါတယ်။ အခုလို လိုက်ပါလာတဲ့နေရာမှာ ကျွန်တော်တို့ ကျန်းမာရေး ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ လူတိုင်းသက်တမ်းစေ့ ကျန်းမာစွာနေထိုင်ရေးနဲ့ ရောဂါဘယကင်းရှင်းရေးတို့ ဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည်ဖော်ရာမှာ နည်းနာသုံးရပ်ထဲက တစ်ချက်ဖြစ်တဲ့ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေး အသိပညာပေးခြင်းနဲ့ ရောဂါကာကွယ်တားဆီးခြင်းတို့ ဖြစ်ပါတယ်။ အဲဒီနေရာမှာ ဝေးလံခေါင်ဖျားဒေသတွေလည်း ပါဝင်ပါတယ်။ ပင်လယ်ပြင်ကိုဖြတ်ကူးပြီးတော့ ဝေးလံခေါင်ဖျားဒေသတွေကိုသွားရောက်ရမှာဖြစ်တဲ့အတွက် အလွန်ခက်ခဲမယ်လို့ ထင်မြင်မိသော်လည်း လူနာများကို အားရကျေနပ်စွာ ကုသပေးနိုင်ခဲ့တယ်။ မျက်စိမမြင်ရတဲ့ လူနာများကို မျက်စိချက်ချင်း ပြန်မြင်လာအောင် မျက်စိဆရာဝန်များက ကုသပေးနိုင်တယ်။ ခေတ်မီ စက်ကိရိယာတွေပါတဲ့ သင်္ဘောကြီးမှာ လူနာများကို ခေတ်မီစက်ကိရိယာများနဲ့ ကုသပေးနိုင်တဲ့အတွက်ကြောင့် လူနာများ ချက်ချင်းကောင်းသွားတာ တွေ့ရတဲ့အခါမှာ လူနာများရဲ့ အားရကျေနပ်မှု၊ ဝမ်းသာပီတိဖြစ်မှုနဲ့ အားကိုးမှုတွေကို တွေ့ရတဲ့အခါမှာ ကျွန်တော်တို့ ပင်ပန်းဆင်းရဲမယ် ခက်ခဲမယ် ထင်ထားတာ အားလုံးပျောက်ပျယ်သွားတာ တွေ့ရပါတယ်။ လူနာများရဲ့ အားကိုးမှု၊ လေးစားမှုနဲ့ ဝမ်းသာပီတိ မျက်ရည်များကို တွေ့ရတဲ့အခါမှာ နောက်နှစ်တွေမှာလည်း ဒီသံလွင်သင်္ဘောကြီးနဲ့ အတူ ဝေးလံခေါင်ဖျားဒေသတွေမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ဖို့ လိုအပ်လာမယ်ဆိုရင် လိုက်ပါမယ်လို့ ကျွန်တော်ဆုံးဖြတ်မိပါတယ်။ အခုခရီးစဉ်မှာ တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ များစွာရရှိခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ရေတပ်က စစ်သင်္ဘောကြီးနဲ့ လိုက်လာရတဲ့အတွက်ကြောင့် ရေတပ်အရာရှိကြီးများရဲ့ စီမံခန့်ခွဲမှုကို အနီးကပ်လေ့လာခွင့်ရရှိခဲ့ပါတယ်။ နောက်တစ်ခုက တပ်မတော်ဆေးတပ်ဖွဲ့နဲ့အတူ ပူးပေါင်းရတဲ့အတွက် ရင်းနှီးချစ်ခင်မှုအစရှိတဲ့ အတွေ့အကြုံတွေ ရရှိခဲ့ပါတယ်။ နောက်တစ်ခုက ရခိုင်တိုင်းရင်းသားများရဲ့ဓလေ့စရိုက်၊ ရခိုင်တိုင်းရင်းသားတွေရဲ့ ကျန်းမာရေးအခက်အခဲတွေကိုလည်း နားလည်သိရှိခွင့်ရရှိခဲ့ပါတယ်။ နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက လိုက်ပါလာတဲ့ ဆရာဝန်၊ သူနာပြုတွေနဲ့ တပ်မတော်ဆေးအဖွဲ့မှ ဆရာဝန်များ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျွန်တော့်အနေနဲ့ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ဂုဏ်လည်း ယူမိပါတယ်။

**သတင်းစဉ်**

# အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၄**

မေ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိစေရန် ရည်ရွယ်ပြီး အလုပ်အကိုင်အခွင့်အလမ်း များပြားသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်၌ အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ ပြပွဲတွင် ပါဝင်ပြသသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်အေဂျင်စီများ တက်ရောက်ကြသည်။

ဦးစွာဒုတိယဝန်ကြီးက မေ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပြားသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်တွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု၏ လူနေမှုဘဝမြင့်မားတိုးတက်စေရန် ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကောင်းမွန်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး အလုပ်လုပ်နိုင်သူတိုင်း အလုပ်ရရှိရေးသည် အလွန်အရေးကြီးပါကြောင်း၊ အလုပ်အကိုင်များ တိုးတက်ရရှိနိုင်ရန် စက်မှုဇုန် ၁၃ ဇုန်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများပြားသည့် လှိုင်သာယာစက်မှုဇုန်တွင် အလုပ်ရှာဖွေသူများကို အလုပ်ရှင်များနှင့် One Stop Service ဖြင့် တိုက်ရိုက်တွေ့ဆုံပြီး အလုပ်အကိုင်များရရှိနိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(Job Fair)ကို ကျင်းပရခြင်းဖြစ်ကြောင်း။

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက်တွင် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ခုနစ်ကျောင်း ဖွင့်လှစ်ထားပြီး လုပ်သားထုကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း၊ လုပ်သားဈေးကွက်တွင် လိုအပ်နေသော ကျွမ်းကျင်လုပ်သားရရှိစေရေးအတွက် အလုပ်အကိုင်အလိုက် အမျိုးသားအဆင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် ခရိုင်နှင့်မြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၈၉ ရုံး ဖွင့်လှစ်၍ အလုပ်ရှာဖွေသူနှင့် အလုပ်သမားလိုအပ်သော အလုပ်ရှင်တို့အတွက် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လိုသည့် နိုင်ငံသားပိုင်ကုမ္ပဏီများအား ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်အေဂျင်စီ ၇၃ ခု ရှိကြောင်း။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) များကို အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်အေဂျင်စီများနှင့် ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ကျင်းပခဲ့ရာ အကြိမ် ၇၀ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်သည့် အရွယ်ရောက်သူတိုင်း သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ရရှိစေရေး ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ပေးရန်အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်းနှင့် Stakeholders များ အားလုံးလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair)ကို အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အလုပ်လာရောက်လျှောက်ထားသူများ၊ ပြပွဲတွင် ပါဝင်ပြသသော ကုမ္ပဏီများ၊ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် ကုမ္ပဏီ ၁၈ ခုနှင့် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ကိုးခုတို့က ပြခန်း စုစုပေါင်း ၃၀ ဖြင့် ပါဝင်ပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများ ကျင်းပ



ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(လွိုင်ကော်) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၄ ကျောင်းတို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုပ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း သင်တန်းဆင်းပွဲများအား ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။ လားရှိုးမြို့ သင်တန်းကျောင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်၊ မုဒုံမြို့ သင်တန်းကျောင်းတွင် မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ပုသိမ်မြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လွိုင်ကော်မြို့ သင်တန်းကျောင်းတွင် ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေ၊ မိုင်းဆတ်မြို့ သင်တန်းကျောင်းတွင် အမှတ်(၁၄) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ခေတ္တစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးမြင့်ကျော်တို့ သင်တန်းဆင်းပွဲများသို့ တက်ရောက်ခဲ့ကြပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောဒေသများမှ အမျိုးသမီးငယ်များကို နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများအား စရိတ်ငြိမ်းဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိရာ သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျရောင်းချပေးပြီး ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးများရှိ အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသည့်အပြင် သင်တန်းထူးချွန်ရရှိသူများအား သင်တန်းကျောင်းမှ အပ်ချုပ်စက်တစ်လုံးစီ ဆုချီးမြှင့်ပေးခဲ့သည်။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၄ ကျောင်းတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းသူ ၇၉၀ တက်ရောက်ခဲ့သည်။ ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုသင်တန်းအထိ သင်တန်းသူ စုစုပေါင်း ၉၀၅၂၂ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကျဉ်းထောင်၊ အချုပ်ထောင်များ၌ စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းများဖွင့်လှစ်

**နေပြည်တော် မတ် ၂၄**

အကြောင်းအမျိုးမျိုးကြောင့် အပြစ်ဒဏ်၊ ထောင်ဒဏ်ကျခံနေရသည့် လူငယ်နှင့်သက်ကြီးစာမတတ်သူများအား စာတတ်မြောက်လာစေရေးနှင့် စာမတတ်သူဦးရေလျှော့ချနိုင်ရေး ရည်ရွယ်ဖွင့်လှစ်သည့် စာတတ်မြောက်ရေးလုပ်ငန်းနည်းပြသင်တန်းကို မတ် ၂၂ ရက်မှ ၂၅ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ တောင်ကြီးအချုပ်ထောင်၌ ကျင်းပလျက်ရှိသည်။

**တက်ရောက်**

စာတတ်မြောက်ရေးလုပ်ငန်းနည်းပြသင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ)၊ ရှမ်းပြည်နယ်အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ)နှင့် ပညာရေးနှင့် အကျဉ်းဦးစီးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ဇန်နဝါရီ ၂၂ ရက်မှစ၍ ရက် ၄၀ တိုင်အောင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့တွင် စာမတတ်သူ ၄၀၆ ဦးကို စာတတ်မြောက်စေရေးသင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ်ကြားဖြတ် လူဦးရေနှင့်သန်းခေါင်စာရင်းအရ စာမတတ်သူဦးရေ ၄ ဒသမ ၁ သန်းတွင် ရှမ်းပြည်နယ်အတွင်း မြန်မာစာမတတ်သူ ဦးရေသည် ၁ ဒသမ ၀၃ သန်းရှိနေပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသင်ပညာရေးနည်းလမ်းအပြင် ကျောင်းပြင်ပ ပညာရေးနည်းလမ်းဖြင့် စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ရန် လမ်းညွှန်ထားပါကြောင်း၊ လူတိုင်းစာတတ်မြောက်လာစေရေး ဆောင်ရွက်လျက်ရှိသည့် နည်းလမ်းအပြင် စာမတတ်သူ ပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးကို ဦးတည်ဆောင်ရွက်ရန်ပါ လမ်းညွှန်မှုပြုထားပါကြောင်း၊ ပြစ်မှုရင်ဆိုင်ဆဲနှင့် ပြစ်ဒဏ်ကျခံလျက်ရှိသူများအနက် စာမတတ်သူများအား မည်သည့် ခွဲခြားဆက်ဆံမှုမျှမရှိဘဲ ပြည်နယ်အကျဉ်းဦးစီးဌာန၊ ပြည်နယ်ပညာရေးမှူးရုံးတို့နှင့် ညှိနှိုင်းပေါင်းစပ်၍ အကျဉ်းထောင်အတွင်း စာမတတ်သူများအား စာတတ်မြောက်လာစေရေးသင်တန်းမှ အသိပညာပေးခြင်း၊ အခြေခံမြန်မာစာနှင့် အခြေခံသင်္ချာဘာသာရပ်များ သင်ကြားပေးခြင်းတို့အပြင် ပြစ်ဒဏ်မှလွတ်မြောက်ပါက အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ပြီး စဉ်းစားတွေးခေါ်နိုင်စွမ်းရှိလာစေရန်နှင့် ၎င်းတို့၏လူနေမှုဘဝမြင့်မားလာစေရေးတို့အတွက် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ)နှင့် ပြည်နယ်အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးတို့က အမှာစကားများပြောကြားသည်။

ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်များတွင် ပြဏ်ဒဏ်ကျခံဆဲ လူငယ်နှင့် သက်ကြီးစာမတတ်သူပေါင်း ၁၂၀၀ ကို ပြစ်ဒဏ်ကျခံဆဲ အခြေခံပညာအထက်တန်းအောင်နှင့် ဘွဲ့ရပညာသင်ကြားဖူးသူ အကျဉ်းသား အကျဉ်းသူစေတနာလုပ်အားပေးနည်းပြ ၈၉ ဦးတို့က စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ရန် ရေးဆွဲထားသည့် အစီအစဉ်များအတိုင်း သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ စာတတ်မြောက်ရေးနည်းပြသင်တန်းကို ကျိုင်းတုံ၊ ညောင်ရွှေ၊ လားရှိုးနှင့် သီပေါအကျဉ်းထောင်များတွင် လေးရက်စီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၂၄

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော အောက်ဖော်ပြပါ နိုင်ငံရေးပါတီများသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့ လာရောက်လျှောက်ထားခဲ့သည် -

(၁) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
(၂) နာဂအမျိုးသားပါတီ [Naga National Party (NNP)]
(၃) ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ
THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) PARTY
(၄) “ဝ”အမျိုးသားပါတီ (WA NATIONAL PARTY)
(၅) ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ (DNOP)
(၆) ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ
THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY
(၇) ပြည်သူ့ပါတီ (People’s Party)
(၈) မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ
(၉) အမျိုးသမီးပါတီ (မွန်)
(၁၀) မြို့တိုင်းရင်းသားပါတီ
(၁၁) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party)
(၁၂) ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ရှစ်ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၄၄ ပါတီဖြစ်၍ စုစုပေါင်း ၅၂ ပါတီ ဖြစ်သည်။ ယင်း ၅၂ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၁၂ ပါတီ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၄၀ ဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄ / ၂၀၂၃ )**
၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက် )
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍**
**ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**ကို မှတ်ပုံတင်အမှတ် (၂၇)၊ ၁-၆-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆၇/၂၀၁၀)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က ၂၁-၃-၂၀၂၃ ရက်စွဲပါစာအမှတ်၊ က / ၀၀၁ (အင်း)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် တင်ပြချက်နှင့် စပ်လျဉ်း၍ ၂၄-၃-၂၀၂၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၃)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၉ (က)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ သာသနာ့ပါလ(မြိတ်)ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မလောက ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပညာရာမပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူကျောင်းတိုက်နှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံပထမရွှေကျင်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ သာသနဝိပုလာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ဆင်တဲကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်လုံးချမ်းသာပရဟိတမိဘမဲ့ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သာသနာ့ရံသီပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဘုရားကြီးအနောက်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ အေးချမ်းမြေကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်

## နယ်စပ်ရေးရာဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်နှင့် ဆီများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အမှတ် (၃) လမ်းမကြီး ပုလဲရပ်ကွက် မင်္ဂလာဒုံမြို့နယ် မင်္ဂလာမဟာစည် သာသနာ့ရိပ်သာကျောင်းတွင် ရဟန်း၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများနှင့် ယောဂီ သူတော်စင်များအတွက် ဆွမ်းဆန်တော်နှင့် ဆီများ ဆက်ကပ်လှူဒါန်းကြသည်။



နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သုဓနုလမ်း၊ ခြံအမှတ် (၄/၄၁၃) တွင် ပါတီရုံးချုပ်တည်ရှိသော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၏ အလံပုံစံ**



**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၂၆၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၄-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၃-၂၀၂၂) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၅,၂၆၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃၈)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၇၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၅၀,၅၈၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၀၅၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၄၉၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာ့သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၄**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ စီမံကိန်း ၂၀၂၂ ဖြင့် ဆောင်ရွက်သည့် မြန်မာ့သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေးလမ်းပြမြေပုံရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ ကျင်းပသည်။






ဆွေးနွေးပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက နိုင်ငံတော်ရှိ ကြွယ်ဝပြီးဖြစ်သည့် သဘာဝအရင်းအမြစ်များမှတစ်ဆင့် ဒေသထုတ်ကုန်များ အကျိုးရှိစွာထုတ်လုပ်ကာ သွင်းကုန်အစားထိုး၍ ပို့ကုန်များ စဉ်ဆက်မပြတ် မြှင့်တင်ထုတ်လုပ်ရေး၊ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး၊ အဓိကမောင်းနှင်အားများဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံနှင့် နည်းပညာရှင်များ၊ သုတေသီများ၊ တာဝန်ရှိသူများ၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များအားလုံး လက်တွဲညီညီဖြင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် လိုအပ်သည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အရည်အချင်းပြည့်မီသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ လက်ရှိပညာရှင်ကြီးများက မျိုးဆက်သစ်လူငယ်များအား မွေခံထိုက်စေဖြစ်စေရေး မြေတောင်မြှောက်ပေးကာ နိုင်ငံတကာ စွန့်ဦးတီထွင် နည်းပညာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်ဆုများ ဆွတ်ခူးရရှိစေရေးအလေးထားဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများ ဖွံ့ဖြိုးလာပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုဆိုင်ရာ အရည်အသွေးများ တိုးတက်မြင့်မားကာ နိုင်ငံတကာဈေးကွက်တွင် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်စေရန်အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုတေသနရလဒ်များမှ နည်းပညာဖြန့်ဝေခြင်းနှင့် နည်းပညာလွှဲပြောင်းခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ ရေရှည်တည်တံ့သော စွန့်ဦးတီထွင်ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်လာစေမည့်နည်းလမ်းများ၊ နိုင်ငံတော်တွင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်စေရန် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု တိုးတက်ရေးလမ်းပြမြေပုံရေးဆွဲခြင်းအတွက် အထောက်အပံ့ကောင်းများ ရရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရှင်များ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှ ပါမောက္ခများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ UMFCCI စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ Keynote speakers များ စုံလင်စွာ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ကော်မတီဝင်များနှင့် တွေ့ဆုံ

**မော်လမြိုင် မတ် ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ကော်မတီဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို မော်လမြိုင်မြို့နယ် စုပေါင်းရုံး စတုတ္ထထပ်ရှိ မွန်ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင်က ခြောက်လတာကာလအတွင်း မြို့နယ်အဖွဲ့များအတွက် ရုံးခန်းဖွင့်လှစ်ပေးနိုင်မှု၊ ရုံးမြေနေရာရရှိရေးဆောင်ရွက်ပေးနိုင်မှု၊ အစည်းအဝေးများကျင်းပနိုင်မှု၊ အခြားဌာနဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများအပြင် ခရိုင်/မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များသို့ ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ပြည်နယ်အဖွဲ့နှင့် မြို့နယ်အဖွဲ့များကို စတင်ဖွဲ့စည်းခဲ့သည့် ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစ၍ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ ဆင်းရဲနွမ်းပါးသည့် ပြည်သူများအတွက် အမှုများကို အခမဲ့ရှေ့နေလိုက်ပါဆောင်ရွက်ခဲ့ရာ ပြီးပြတ်မှု ၈၂ မှု၊ လိုက်ပါဆောင်ရွက်ဆဲ အမှုလက်ကျန် ၆၇ မှု ရှိကြောင်း တင်ပြခဲ့ပြီး ခရိုင်/မြို့နယ်အဖွဲ့များမှလည်း မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကဒါကျေးရွာ ဦးစိန်ရေထိန်းတံခါးဖွင့်ပွဲ ကျင်းပ

မော်လမြိုင် မတ် ၂၄

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ချောင်းဆုံမြို့နယ် ကဒါကျေးရွာ ဦးစိန်ရေထိန်းတံခါးဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက်ပိုင်းက ကဒါကျေးရွာအနီးရှိ ဦးစိန်ရေထိန်းတံခါး၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကဒါကျေးရွာ ဦးစိန်ရေထိန်းတံခါးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ရေထိန်းတံခါးကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၂၀ ဒသမ ၀၀ သန်းဖြင့် တည်ဆောက်ခဲ့ပြီး ရေထိန်းတံခါးပေါက် ငါးပေါက်၊ Slide Gate ငါးချပ်ပါ အုတ်၊ သံကူကွန်ကရစ်ရေထိန်းတံခါး အမျိုးအစားဖြစ်ကာ ရေခေါ်မြောင်းမကြီးအလျား ပေ ၄၀၀၀ နှင့် ရေထုတ်မြောင်းမကြီးအလျား ၅၁ ပေရှိကြောင်း၊ ဒေသအတွင်းရှိ မိုးစပါးလယ်မြေ ဧက ၇၀၀ အတွက် ပင်လယ်ရေငန်ဝင်ရောက်မှုများ၊ ရေကြီးနစ်မြုပ်မှုများ လျော့နည်းသက်သာစေပြီး ရေချိုသိုလှောင်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပန်းတနော်မြို့နယ် ဗောဓိချောင်းအတွင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း စိုက်ထည့်

ပန်းတနော် မတ် ၂၄

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ငါးသယံဇာတများ တိုးပွားလာစေရေး၊ ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေး တို့အတွက် သဘာဝမြစ်ချောင်း ရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီက မင်းဂရုကျေးရွာအုပ်စု ဗောဓိချောင်းအတွင်းသို့ငါးသားပေါက်ကောင်ရေ ငါးသိန်း စိုက်ထည့်ခဲ့သည်။



အဆိုပါ အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စစ်လင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရေလုပ်သားများက မင်းဂရုကျေးရွာအုပ်စု ဗောဓိချောင်းအတွင်းသို့ ငါးမြစ်ချင်းကောင်ရေ သုံးသိန်း၊ ငါးခုံးမကြီးကောင်ရေ နှစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❒ FIFA–MFF မှ**

အသက် (၁၅) နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ (FIFA–MFF U15 Youth League 2023)ကို ယခုနှစ် မေလပထမပတ်မှစတင်ကာ အထက်မြန်မာပြည်ဇုန်နှင့် အောက်မြန်မာပြည်ဇုန်အဖြစ် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် စုစုပေါင်းအသင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အထက်မြန်မာပြည်ဇုန် ( မန္တလေး)တွင် မန္တလေးတိုင်းဒေသကြီးမှ နှစ်သင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နှစ်သင်း၊ မကွေးတိုင်းဒေသကြီးမှ တစ်သင်း၊ နေပြည်တော်ကောင်စီမှ တစ်သင်း၊ ရှမ်းပြည်နယ်မှ သုံးသင်း၊ ချင်းပြည်နယ်မှ တစ်သင်း၊ ကယားပြည်နယ်မှ တစ်သင်း၊ ကချင်ပြည်နယ်မှ တစ်သင်း၊ အောက်မြန်မာပြည်ဇုန် (ရန်ကုန်)တွင် ရန်ကုန်တိုင်းဒေသကြီးမှ သုံးသင်း၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်သင်း၊ ဧရာဝတီတိုင်းဒေသကြီး(ပုသိမ်)မှ နှစ်သင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ တစ်သင်း၊ မွန်ပြည်နယ်မှ နှစ်သင်း၊ ရခိုင်ပြည်နယ်မှ တစ်သင်း၊ ကရင်ပြည်နယ်မှ တစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကို အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကာလမှာ ပထမအကျော့ သုံးလ၊ ဒုတိယအကျော့ သုံးလ စုစုပေါင်း ခြောက်လ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြိုင်ပွဲဝင်လိုသည့်အသင်း အရေအတွက် သတ်မှတ်ထားသည်ထက်ပိုမိုနေပါက ခြေစစ်ပွဲကစားကာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများ မှတ်ပုံတင်ရမည့်ကာလကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား သတ်မှတ်ထားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် FIFA–MFF U15 Youth League ဌာနသို့ ဆက်သွယ်မှတ်ပုံတင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲဝင်ခွင့်ရအသင်းများကို တစ်သင်းလျှင် ကျပ်သိန်း ၁၀၀ ထောက်ပံ့သွားမည်ဖြစ်ပြီး ဆုကြေးများအဖြစ် ပထမဆုရအသင်းအား ကျပ် သိန်း ၅၀၊ ဒုတိယဆုရအသင်းအား ကျပ် သိန်း ၃၀၊ တတိယဆုရအသင်းအား ကျပ် သိန်း ၂၀၊ ဆုဖလားနှင့် ဆုတံဆိပ်များ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုညီလေး**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၅၅ | ၂၂၅၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၇၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၂၈၁၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၄၅ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၁၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၉၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၄ | ၂၀၈၈ |
| 95 Ron | ၂၁၀၄ | ၂၁၈၀ |
| HSD (500 ppm) | ၁၉၇၃ | ၂၀၄၁ |
| HSD (50 ppm) | ၂၀၄၆ | ၂၁၁၇ |
| HSD (10 ppm) | ၂၀၄၆ | ၂၁၁၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

Htoo San Linn Let Trading Co.,Ltd သည် မြန်မာနိုင်ငံမှ တစ်ဖက်နိုင်ငံသို့ ဆန်ကွဲများ တင်ပို့လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်၏ Certificate of Origin (Form E) များဖြစ်သော (Form E) No-CSH-00294/2023, CSH-00374/2023, CSH-00375/2023, CSH-00376/2023, CSH-00424/ 2023, CSH-00425/2023, CSH-00426/2023, CSH-00427/2023, CSH-00428/2023, CSH-00429/ 2023 စသည့် စာရွက် (၁၀) စောင်မှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ချင်းရွှေဟော်၌ ပျောက်ဆုံးသွားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**Htoo San Linn Let Trading Co.,Ltd**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ဓမ္မစေတီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ကျန်စစ်သား)၊ မြေကွက်အမှတ်(၉၂၉/၉၃၀)၊ အကျယ် (၅၀x၅၀) စတုရန်းပေရှိ ဦးနိုင်ဝင်း အမည်ပေါက်သည့် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတွမ်ကျိန်ရင် [၁၃/ကခန(နိုင်)၁၂၀၆၈၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုး စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း) များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်း အဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင် ဖြစ်စေရန် လုပ်ဆောင် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ လွှဲအပ်ချက်အရ**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးအောင်နိုင်ထူး (စဉ်-၁၃၅၇၅)** — **LL.B.,WIPO (Switzerland)**

**ဦးကျော်စွာမြင့် (စဉ်-၁၃၂၈၂)** — **LL.B.,D.B.L,D.I.L**

**"Good Friend Consultant Law Firm"**

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**

**Ph:01-385205,09-420088970,**

**Facebook:Good Friend-Consultant Law Firm**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ မြေကွက်အမှတ်(၉၁၅)၊ ဦးလင်းလမ်းဟုခေါ်တွင်သော အကျယ်အဝန်း (၄၁ပေx၆၀ပေ)ရှိနှစ်(၆၀) ဂရန်မြေကွက်ကြီးအနက် တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၁ပေx၆၀ပေ)ရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် (မြေကွက်အမှတ်(၉၁၆)နှင့် ကပ်လျက်အခြမ်း)တို့အား မိမိတရားဝင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူထားကာ ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဒေါ်ဝင်းဝင်းမော်[၁/မညန(နိုင်)၀၈၀၆၃၆] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာချုပ် စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဇင်အေး**

**LL.B, D.B.L, D.I.L, D.I.R**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**

**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။**

**ဖုန်း- ၀၉-၄၅၁၃၇၈၀၀၇**

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ် (၁၅-G)၊ ကုက္ကိုင်းရိပ်သာလမ်းနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်သိန်း [၁၂/ရကန(နိုင်)၀၅၈၀၅၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်နှင့် သက်ဆိုင်သူများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ-**

ကျွန်ုပ်၏မိတ်ဆွေအား ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၀) ရပ်ကွက်၊ အမှတ်(၇၂)၊ ပင်လုံထိပ်ထားအင်ပါယာစံအိမ်အဆောက်အအုံ၏ ၅-လွှာ၊ အခန်းအမှတ်(၅၀၄)၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်နေ ဒေါ်အေးသန္တာ ဦး(ဘ)ဦးမောင်မောင်ဦး၏သမီး [၁၂/မဂတ(နိုင်)၀၁၁၂၃၉]ကို ကိုင်ဆောင်ထား သူနှင့် ဦးမျိုးမင်းဦး (ဘ)ဦးမောင်မောင်ဦး၏သား [၁၂/မဂတ(နိုင်)၀၀၂၀၇၉]ကို ကိုင်ဆောင်ထားသူတို့က ယခုငင်းတို့ လက်ရှိနေထိုင်သည့် အထက်ပါတိုက်ခန်းကို မိမိတို့၏ဖခင်ကြီး ဦးမောင်မောင်ဦး(မေ့ဆေးဆရာဝန်ကြီး) [၁၂/မဂတ(နိုင်)၀၀၇ ၃၂၄] မှ ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ကြောင်း၊ မိမိတို့၏ဖခင်ကြီး ဦးမောင်မောင်ဦးသည် (၁၂-၇-၂၀၂၁)ရက်တွင်လည်းကောင်း၊ မိခင်ကြီးဖြစ်သူ ဒေါ်အေးအေးသူ[၁၂/မဂတ(နိုင်)၀၁၁၂၄၀]ကို ကိုင်ဆောင်ထားသူ သည် (၂၈- ၇-၂၀၂၁)ရက်တွင်လည်းကောင်း (Covid-19) ရောဂါဖြင့် အသီးသီး ကွယ်လွန်အနိစ္စရောက်ရှိခဲ့ကြကြောင်း၊ ထို့ကြောင့် ဖခင်အမည်ဖြင့် ကျန်ရစ်ခဲ့သည့် အထက်အမည်ပါ တိုက်ခန်းကို ၎င်းတို့ သမီးနှင့်သားဖြစ်သူတို့မှ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဥပဒေတို့အရ ပိုင်ဆိုင်အကျိုးခံစားခွင့်လုံးဝရှိသူများ ဖြစ်လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေအား ယင်းတိုက်ခန်းကို ရောင်းချလိုကြောင်းနှင့် အရှုပ်အရှင်းပြဿနာ လုံးဝကင်းရှင်းကြောင်း တာဝန်ယူတာဝန်ခံမှုပြုကြောင်း ဝန်ခံကမ်းလှမ်းလာခဲ့သည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှလည်း ၎င်းတို့၏ ဝန်ခံပြောဆို ချက်များကို သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ယင်းတိုက်ခန်းကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ၎င်းတို့၏ လက်ဝယ်သို့ စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် အကျိုးခံစား ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းများ၊ စာချုပ်စာတမ်းမူရင်းများကို ယူဆောင်၍ ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ သတ်မှတ်ရက်အတွင်း တင်ပြကန့်ကွက်သူလုံးဝမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်နှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးထင်ကျော်**

**B.Sc.,H.G.P,R.L တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅)/(၂၉-၆-၁၉၉၀)**

**အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်။**

**ဖုန်း-၀၉-၅၁၈၆၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၈/ရပ်ကွက်၊ နဝရတ်(၆) လမ်း၊ အမှတ်(၂၃၆)၊ (အလျား x အနံ) (၂၀ပေx၆၀ပေ)ရှိ မြေကွက် အား လက်ရောက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဒေါ်လွင်မာဦး [၁၂/သကတ(နိုင်)၀၄၆၂၃၁]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ် ထွန်း [၁၀/ရမန(နိုင်)၁၁၈၉၂၄]သည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင် သည်အထိ ဆက်လက် ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှဦး(စဉ်-၄၄၄၉၄)**

**အထက်တန်းရှေ့နေ**

**အမှတ်(၂၄)၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။**

**ဖုန်း-၀၉-၉၆၁၆၀၆၀၆၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ ဖိုးရာဇာလမ်း၊ မြေကွက်အမှတ်(၄၇၉)၊ အကျယ်အဝန်း(အလျား ၄၀' x အနံ ၆၀')ရှိ ဦးဟန်စိုး [၁၂/မရက(နိုင်)၀၅၁၉၃၅]အမည်ပေါက်ဖြစ်သော နှစ်(၆၀) ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို ဦးဟန်စိုးမှ တရားဝင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် ရောင်းဖိုးငွေထဲမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဟေမာန်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၁)**

**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈U10 ရပ်ကွက်၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၂၅၀၀၀၉၃၉၄၊ ၀၉-၂၅၀၂၃၀၁၂၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ ငွေပုလဲလမ်း၊ မြေကွက်အမှတ်(၃၅၇)၊ အကျယ်အဝန်း (၄၂' x ၆၀')ရှိ ဒေါ်နော်ဖော့ရှာ [၁၂/ကမရ(နိုင်)၀၃၈၇၅၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေ ကွက်ထဲမှ တရားဝင် မခွဲစိတ်ရသေးသော မြေကွက်အား မျက်နှာမူလျှင် (ယာဘက်)၊ အကျယ်အဝန်း(၂၀'x၆၀')ရှိ ဂရန်မိတ္တူခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး တရားဝင် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်ခင်အေးရီ [၁၂/အစန(နိုင်)၀၈၂၉၉၁]** မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီး အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဟေမာန်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၁)**

**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈U10 ရပ်ကွက်၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၂၅၀၀၀၉၃၉၄၊ ၀၉-၂၅၀၂၃၀၁၂၅**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂)**

**လှည်းကူးခရိုင်တရားရုံးတော်**

**၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉၅**

**(ယခင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး)နှင့် ဆက်နွယ်သည့်**

**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၀**

| | | |
|---|---|---|
| ရောဝတီဘဏ်လီမိတက် (၎င်း၏ကိုယ်စား လက်ထောက်မန်နေဂျာ ဒေါ်မေသီရိခင်) | နှင့် | ၁။ ဒေါ်အေးအေးခိုင် ၂။ ဦးထွန်းလင်းဦး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ရန်ကင်း ဘုရားလမ်း၊ အမှတ်(၂၁၃)၊ (ယခုနေရပ်လိပ်စာမသိ)နေ **ဒေါ်အေးအေးခိုင်နှင့် ဦးထွန်းလင်းဦးတို့** သိစေရမည်။

၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၉၅ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့် ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက် (၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေမျိုး)**

**ခရိုင်တရားသူကြီး**

**လှည်းကူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်၊(၇)ရပ်ကွက်ပြည်လမ်း၊အမှတ်(၂၉)၊7-Mile Condominium ၂၁ထပ် တိုက်၊ အခန်းအမှတ် (၁၃၀၄)၊ ၁၃ - လွှာ၊(၁၁၁၅) စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်း နှင့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံး တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့် ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ **Jasmine Palace Construction Co., Ltd.**ကိုယ်စားပြုသော ဦးအောင်ဖြိုးမင်း (၁၂/ဗတထ(နိုင်) ၀၁၀၀၁၉)ထံမှ ကျွန်ုပ်မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် တန်ဖိုးငွေတစ်ဝက် ပေးချေထားပြီး ဖြစ်ပါ သဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲငွေ (၁၂/မရက(နိုင်)၁၀၉၉၆၅)

**Ph:09-5065351**

### ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ်(၉)၊ [ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-ဂျီ)၊ မြေကွက်အမှတ်(၇၃အေ)၊ ဧရိယာ(၀.၂၄၆)ဧက၊ မြေပိုင်မြေ] ပေါ်ရှိ INYAR MYAING RESIDEND ကွန်ဒိုရှိ ပထမထပ်အလွှာ၊ အကျယ်အဝန်း (၂၀၀၀ စတုရန်းပေ)၊ ရေ၊ မီး၊ လေအေးပေးစက်(၃)လုံး၊ ကား(၁) စီးရပ်နားသည့် နေရာအပါအဝင် အခန်းအမှတ်(D-01)အား ဝယ်ယူခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါကွန်ဒိုအခန်းအား ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ တိုက် အမှတ်(B-1)၊ လမင်းကွန်ဒို၌နေထိုင်သူ **ဒေါ်မြင့်မြင့်**(အဖ ဦးဘဟိန်း)[၉/မခန(နိုင်)၀၁၅၁၀၉] မှ **(2013-8-12)**ရက်စွဲဖြင့် ၎င်းအမည်ပေါက် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး၊ အပေါင်အနှံ အရှုပ်အရှင်းကင်း၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိပြီး ရောင်းရန်ကမ်းလှမ်းလာသည်ကို ယုံကြည်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့အား ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူ မဆို ကြော်ငြာသည့် ယနေ့မှစ၍ **(၄-၄-၂၀၂၃)ရက်နေ့ မွန်းတည့် (၁၂)နာရီ**အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ဝယ်ယူသူနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်၍ ဝယ်ယူမှုကို ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက -**ကန့်ကွက်မည့်သူမရှိပါဟု မှတ်ယူ၍** ဝယ်ယူမှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ**

**ဒေါ်သင်းမာလှိုင်**

**Ph-09-5505048**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျင်ယုနိုင်(စဉ်-၄၇၀၅၀)**

**အထက်တန်းရှေ့နေ**

**ရွှေပြည်သာမြို့နယ်။**

**Ph-09-790677753**

**ဆရာဦးရှိန် (စဉ်-၁၀၆၈၁)**

**တရားလွှတ်တော်ရှေ့နေကြီး**

**PGDip in Political Management(Cambridge -U.K)**

**PGDip in Certificate of TISCS (MMEDU+WIPO)**

**DL.001E/DL.PCT.101E/DL.170E/DL 303E.**

**(WIPO-GENEVA, SWITZERLAND)**

**Ph-09-792247521**

---

မိတ်ဆွေ-မလိုအပ်ဘဲ-ပြဿနာဖြေရှင်းနေရခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေခြင်း၊ ရောင်းမှား ဝယ်မှားနှင့် ငွေများမဆုံးရှုံးရလေအောင် တိုက်၊ အိမ်၊ ခြံ၊ ကား ဝယ်ခြင်း-ရောင်းခြင်း၊ တရားစွဲဆို ခြင်း၊ တရားရင်ဆိုင်ခြင်း၊ မင်္ဂလာဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် ကုန်အမှတ်တံဆိပ်များကို -လုပ်ပြီး-မလုပ်မီ-**ဘာဘဲလုပ်လုပ်**-ကြိုတင်၍ ဆွေးနွေးအကြံဉာဏ်- အကူအညီရယူကြပါလို့-ဖိတ်ခေါ်ပါရစေ။

**စေတနာ - ဥပဒေအကြံပေး၊ စာချုပ်စာတမ်းနှင့် ကုန်အမှတ်တံဆိပ် အထူးအကျိုးဆောင်။ ဖုန်း-၀၉-၇၉၂၂၄၇၅၂၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ တော်ဝင်လမ်းနှင့် ပြည်လမ်းထောင့်၊ တော်ဝင်သီရိကွန်ဒို၊ အခန်း အမှတ်(C/၅၁၆) တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီအောင် [၁၂/ဗတထ(နိုင်)၀၁၀၇၇၆] က ဒေါ်တင်တင်သန်းထံမှ (၁၆-၉-၂၀၀၈)ရက်တွင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုတိုက်ခန်းမှာ ဝယ်ယူသည့်နေ့မှ ယနေ့အချိန်အထိ တော်ဝင် ကုမ္ပဏီတွင် ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီအောင်အမည်ဖြင့် ပိုင်ဆိုင် လက်ဝယ်ထားရှိပြီး၊ ထိုတိုက်ခန်းနှင့်ပတ်သက်သည့် စာချုပ်စာတမ်းမူရင်းများပျောက်ဆုံးနေပါသဖြင့် ယခုအခါ သက်ဆိုင်ရာတော်ဝင်ကုမ္ပဏီမှ စာချုပ်မိတ္တူမှန်လျှောက် ထားရယူမည်ဖြစ်ပါ၍ ထိုလျှောက်ထားမှုအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများတင်ပြ၍ တော်ဝင်ကုမ္ပဏီထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ဤကြေညာ ချက်ပါရှိသည့်နေ့မှ (၁)လအတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ကေရီကျော် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၁၁)**

**အမှတ်-၅၆၅၊ အခန်း-၁၀၃၊ ပထမထပ်၊ MAC Towen ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၄၂၁၀၄၇၃၂၁**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-(၂၀-အနော်ရထာ စက်မှုဇုန်)၊ မြေကွက်အမှတ်-( W-၁+W-၂+W-၃ )၊ဧရိယာ(၂၈. ၉၆၂)ဧကရှိနှစ်(၆၀)ဂရန် မြေကွက်အနက်မှတရားဝင်မခွဲမစိတ်ရသေးသော မေခလမ်းနှင့်စံပယ်လမ်းထောင့်ရှိ ဧရိယာ(၇. ၁၆)ဧကရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားတရား ဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်ပြီး၊ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ထွေး (နိုင်ငံသားကဒ်အမှတ်-၉/အမဇ(နိုင်)၀၀၀၀၅၀)နှင့် ဒေါ်အိအိထွေး (နိုင်ငံ သားကဒ်အမှတ်-၉/အမဇ(နိုင်) ၀၀၆၅၁၄)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့် အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နန်းဆင့်ဆင့်ထွန်း( LL.B ) D.B.L,D.M.L (စဉ်-၁၂၆၃၉)

ဒေါ်မိုးမိုးအေး (LL.B) D.B.L,D.M.L,D.I.L WIPO,DL-101 Switzerland (စဉ်-၈၅၅၈)

(တရားလွှတ်တော်ရှေ့နေများ)

အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(ဖုန်း-၀၉-၄၂၅၃၅၈၂၇၀)

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ရန်ကုန်သစ်၊ မြေကွက်အမှတ်– ၈၅၄ ဖြစ်သည့် အရပ်အခေါ် အမှတ်– ၂၁၊ အောင်စိတ္တလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သော (၄၀'x၆၀') အကျယ်ရှိ ဦးမင်းဇော်ထွေးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၃၀'x၆၀') အကျယ်ရှိမြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားမှုအားလုံးကို အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စုစုနိုင်[၇/ပတန(နိုင်)၀၀၀၁၁၈]မှ ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**ဖုန်း– ၀၉–၄၃၁၁၄၁၄၁၊ ၀၉–၄၀၀၁၀၁၄၁၄**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၅/CG၊ မြေကွက်အမှတ်– ၂၈၃ဖြစ်သည့် အရပ်အခေါ်အမှတ်–၄၁၊ နိဗ္ဗာန်ကျောင်းလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ် ဟုခေါ်တွင်သော (၈၀၀ စတုရန်းပေ) အကျယ်ရှိ မြေကွက်မှာ ဒေါ်ငယ် [၁၂/ဗဟန(နိုင်)၀၅၂၇၉၆] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပြီး ဖခင်ကြီး ဦးကြီးမောင်နှင့် မိခင်ကြီး ဒေါ်ငယ်တို့ ကွယ်လွန်သွားပြီးဖြစ်သဖြင့် ကျန်ရစ်သူသား၊ သမီး၊ သားမက်၊ မြေးများဖြစ်သော ဦးသိန်းဝင်း[၁၂/ဗဟန(နိုင်)၀၄၀၉၇၁]ပါ (၇)ဦးတို့က မိမိတို့မှသာအမွေဆက်ခံပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်အတွက် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**ဖုန်း– ၀၉–၄၃၁၁၄၁၄၁၊ ၀၉–၄၀၀၁၀၁၄၁၄**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၇)ရပ်ကွက်၊ မြေကွက်အမှတ်– ၃၇၂၊ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဒေါ်နန်းခမ်းအောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိအိကျော်ငြိမ်း ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းဝင်းကြည်မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာထွန်း (LL.B, D.B.L, D.I.R, D.M.L)**
**အထက်တန်းရှေ့နေ (စဉ်–၃၇၈၈၄)**
**Ph: 09-953499790**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ် (၈–ခ)၊ ပုဏ္ဏမီလမ်းဟုခေါ်တွင်သည့် အလျား ၂၀ ပေ x အနံ ၆၀ ပေ အကျယ်ရှိ မြေကွက်အား မြေချစလစ်အရ လက်ခံရရှိသူ ဦးသိန်းစိုး[၁၂/သကတ(နိုင်)၁၀၂၈၇၇]ထံမှ ဝယ်ယူထားသူ ဒေါ်ယဉ်ယဉ်ရွှေ [၁၂/ဥကတ(နိုင်)၀၁၃၄၃၉] ထံမှ ထပ်မံဝယ်ယူထားပြီး လက်ရောက်ရရှိထားသူ ဒေါ်ခင်ငွေ [၁၂/တမန(နိုင်) ၀၃၄၀၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးကတိစာချုပ်အရ စရန်ငွေအချို့ကိုပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ယင်းမြေကွက်အား အရောင်းအဝယ် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်တင်တင်ထွေး(LLB, DBL)** | **ဒေါ်ကြည်ကြည်လေး (LLB, DBL)** |
| **(စဉ်–၈၀၁၀)** | **(စဉ်–၇၃၃၃)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E–1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၇၃၃၆၃၅၇၀၊ ၀၉–၉၅၅၁၉၉၅၁၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ ပင်းယလမ်း၊ အမှတ်(၇) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေ၊ စတုရန်းပေ(၂၄၀၀) ပေရှိ မြေနှင့်အိမ်ကို ဂရန်အမည်ပေါက်ဖြစ်သူ ဦးအောင်ပြည့်ဖြိုး [၉/ခအဇ(နိုင်) ၀၀၁၃၇၆]က ပိုင်ဆိုင်သည်ဟု ဝန်ခံရောင်းချသဖြင့် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဦးဇော်လင်း [၁၂/ဥကမ(နိုင်) ၀၁၇၈၈၅]မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ အပြီးချုပ်ဆို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးကျော်ကျော်လွင်(LL.B)** | **ဦးသိန်းကို B.Sc(Zoology) Q,H.G.P** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ(စဉ်–၅၅၀၃၁)** |
| **(စဉ်–၁၃၄၈၂/၁၂–၁၀–၂၀၁၇)** | **အမှတ်(၅၂၂)၊ (၁၇)ရပ်ကွက်၊** |
| **အမှတ်(၁၂၄)၊ ရော(၂၂)လမ်း၊** | **မြဝတီမင်းကြီးလမ်း၊** |
| **(ည)ရပ်ကွက်၊** | **ရွှေပေါက်ကံမြို့သစ်၊** |
| **မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။** | **မြောက်ဥက္ကလာပမြို့နယ်၊** |
| **ဖုန်း– ၀၉–၄၃၀၇၃၆၅၉** | **ရန်ကုန်မြို့။** |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မြို့တော်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေယာရှုခင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

– မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၉)ခု၊ MICC 1 နှင့် MICC 2 မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း

| | |
|---|---|
| တင်ဒါပုံစံထုတ်ပေးမည့်ရက် | – ၂၅–၃–၂၀၂၃ ရက် |
| တင်ဒါပိတ်မည့်ရက် | – ၇–၄–၂၀၂၃ ရက် ၁၆:၀၀နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | – ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်–

**ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း– ၀၆၇–၃၄၃၂၄၉၁**

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## အလုံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၄၄

| | | |
|---|---|---|
| မြန်မာနိုင်ငံသားများဘဏ်လီမိတက် (စမ်းချောင်းဘဏ်ခွဲ) (၎င်း၏ကိုယ်စား ဒေါ်စန္ဒာမြင့်၊ အကြီးတန်းမန်နေဂျာ) | နှင့် | ၁။ ရွှေတနော်ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စားဦးသီဟစိုး) ၂။ ဒေါ်နိုင်နိုင်ထွန်း ၃။ ဦးသက်ညွှန့် |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ တိုက်(အေ–၂)၊ အခန်း(၄၀၃)နေ (၁) တရားပြိုင် ရွှေတနော်ကုမ္ပဏီလီမိတက်(၎င်းကိုယ်စား ဦးသီဟစိုး) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ မြန်မာနိုင်ငံသားများဘဏ်လီမိတက်(စမ်းချောင်းဘဏ်ခွဲ) (၎င်းဘဏ်၏ကိုယ်စား ဒေါ်စန္ဒာမြင့်) က တရားပြိုင်များထံမှ တရားလို စမ်းချောင်းဘဏ်ခွဲက (၃၀–၆–၂၀၂၂)ရက်နေ့အထိ ရရန်ရှိသော အတိုးအရင်းဒဏ်ကြေးငွေပေါင်း ငွေကျပ် (၄၆၅၂၅၁၁၁၃.၇၆) (ကျပ်လေးထောင်ခြောက်ရာငါးဆယ့်နှစ်သိန်းငါးသောင်းတစ်ထောင်တစ်ရာတစ်ဆယ့်သုံးကျပ်နှင့် ခုနစ်ဆယ့်ခြောက်ပြားတိတိ)အပေါ် ရလိုမှုနှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၉ ရက် (၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရပါမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဥမ္မာမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အလုံခရိုင်တရားရုံး**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီးဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်မြေတိုင်းရပ်ကွက်အမှတ်(၆၅)၊မြေကွက်အမှတ်(၉၅၉)၊ဧရိယာ(၂၀ပေx၆၀ပေ)ရှိပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအမှတ်-၉၅၉၊ပြည်ထောင်စုလမ်း၊၆၅-ရပ်ကွက်၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ရန်ကုန်မြို့ဟုခေါ်တွင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်ပြီး၊ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးတင်လှ (နိုင်ငံသားကဒ်အမှတ်-၁၂/လကန(နိုင်)၀၃၃၀၆၀)ထံမှကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်၊

သို့ပါ၍အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်၊သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B) | ဒေါ်မိုးမိုးအေး (LL.B) |
| D.B.L,D.M.L | D.B.L,D.M.L,D.I.L |
| (စဉ်-၀၂၆၃၉) | WIPO,DL-101 Switzerland |
| | (စဉ်-၈၅၅၈) |

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၀၉-၄၂၅၃၅၈၂၇၀)

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား သတိပေးကြေညာခြင်း

ဦးသိန်းထိုက် (ဘ) ဦးကောင်းရီချို [၁၂/ဥကတ(နိုင်)၁၄၉၅၅၉]၊ အမှတ်– ၄၈၉၊ ဘုရင့်နောင်လမ်း၊ ၂၆–ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ နေသူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၂၆၁၀/၂၀၂၃ (၁၄–၃–၂၀၂၃)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်–

BIX

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် Nice Classification Class(6)ဝင် မော်တော်ယာဉ် ဘရိတ်ပိုင်းဆိုင်ရာ အပိုပစ္စည်းအမျိုးမျိုး (တစ်နည်းအားဖြင့်) ဘရိတ်ရှူး(Brake Shoe)၊ ဘရိတ်ပက်(Brake Pad)၊ ဘရိတ်မာစတာဆလင်ဒါ (Brake Master Cylinder)၊ ဘရိတ်ရိုတာ (Brake Roter)၊ ဘရိတ်ဒရမ် (Brake Drum)တို့ကို ထုတ်လုပ်၍ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်စပ်လျဉ်း၍ တစ်နည်းနည်း အတုပြုခြင်း၊ တစ်နည်းနည်း လိမ်လည်ပြုမူခြင်း၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးအပေါ် တစ်နည်းနည်း ထိပါးချိုးဖောက်ခြင်းတို့မပြုကြရန် သတိပေးကြေညာအပ်ပါသည်။ မလိုက်နာက တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးခင်မောင်မြင့်**
**B.A(Law),LL.B.,DL Graduate (WIPO–Switzerland), Advocate (No.2269/82)**
**MAC Tower, # ၅၆၁ (ပထမထပ်)၊ ကုန်သည်လမ်း (၃၅လမ်းထောင့်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် ဒါရိကာရပ်ကွက်၊ ကျိုက်ဒေးယုံလမ်း၊ အမှတ် (၈)၊ ကွင်း/အကွက်အမှတ်နှင့်အမည်– ၉၊ ဒါရိကာ၊ မြေကွက်အမှတ်– ၄၇/က၊ အကျယ်အဝန်း ဧရိယာ (၀.၀၄၃)ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှရွှေ [၁၂/သလန(နိုင်)၀၇၅၄၈၅]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ အူစမန်အလီ(ခ)ဦးလှအေး [၁၂/ပဘတ(နိုင်) ၀၁၄၆၇၃]မှ စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မို့မို့လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၁၂)**
**အမှတ်– ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၁၀၁၃၅၁၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အေးချမ်းသာလမ်း၊ မြေကွက်အမှတ်(၃၀)၊ ပါမစ်မြေအမျိုးအစား၊ အမည်ပေါက် ဦးမောင်စိုးအမည်ဖြင့် မှတ်သားတည်ရှိသည့်မြေကွက် (၂၀x၆၀)ပေ မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်၏ (၁၀x၆၀)ပေနှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားနေထိုင်ပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီရောင်းချခွင့်ရှိသူ ဒေါ်တင်ရွှေ [၁၄/မမက(နိုင်)၀၅၉၅၆၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမိုးလွင်ဦး [၁၂/ကမရ(နိုင်)၀၀၈၁၄၅]၊ ဒေါ်ခင်စန်းအေး [၁၂/လမန(နိုင်)၀၉၀၃၆၀]တို့မှ ဝယ်ယူရန် စရန်ငွေအချို့အား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးလွင်ဦး၊ ဒေါ်ခင်စန်းအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူအောင်(LL.B) အထက်တန်းရှေ့နေ(စဉ်–၃၈၆၈၀)**
**အမှတ်(၃၃၆/ခ)၊ အောင်မင်းခေါင်(၁)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၄၂၀၄၂၄**

## ဦးဂျိုက်ဆံကား (ခ) ဦးခင်မောင်သန်း [၇/ ဖမန(နိုင်)၂၂၂၈၂] နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ 9 STAR INTERNATIONAL TRADING COMPANY LIMITED ၏ ဒါရိုက်တာဖြစ်သူ U PRA HA LAD [၇/ဖမန(နိုင်) ၂၅၇၄၄၃]၊ အမှတ် (၉၂)၊ ၁၂၃ လမ်း၊ ဦးအောင်မြတ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

အထက်ပါ 9 STAR INTERNATIONAL TRADING COMPANY LIMITED ရုံးတွင် အလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်သူ ဦးဂျိုက်ဆံကား(ခ)ဦးခင်မောင်သန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၇/ဖမန(နိုင်)၂၂၂၈၂] ကိုင်ဆောင်သူသည် (၁–၂–၂၀၂၃)ရက်က အထက်ပါ ကုမ္ပဏီမှ အလုပ်ထွက်သွားခဲ့ပြီးဖြစ်ပါသည်။

ဦးဂျိုက်ဆံကား(ခ)ဦးခင်မောင်သန်း နှင့်တကွ ၎င်း၏အပေါင်းအဖော်များက အထက်ပါ ကျွန်ုပ်မိတ်ဆွေဖြစ်သူ U PRA HA LAD (ဒါရိုက်တာ)ကုမ္ပဏီ၏အမည်ကိုအလွဲသုံးစားပြု၍ အရှုပ်အရှင်းများပြုလုပ် ဆောင်ရွက်နေသည့် မည်သည့်ကိစ္စကိုမျှ အထက်ပါကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**U PRA HA LAD [၇/ ဖမန (နိုင်) ၂၅၇၄၄၃]၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးလှဦး (LL.B., D.B.L., D.I.L)** | **ဒေါ်သွယ်မာဝင်း (LL.B., D.B.L., D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် – ၃၅၇၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၄၅၃၂)** |

**အမှတ် – ၅၀၊ အခန်း (စီ –၂)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**မြောက်ဥက္ကလာပမြို့နယ်၊ ၄/ တိုးချဲ့ရပ်ကွက်၊ ဂန္ဓမာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်– ၄/အနောက်တိုးချဲ့၊ မြေကွက်အမှတ်–၂၉၈၊ အကျယ်အဝန်း( ၃၀/၂၉ ပေ x ၆၀ပေ)ရှိ ဦးမျိုးမြင့်ဦးအမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးမြင့်ဦး [၁၂/အစန(နိုင်)၁၆၈၄၄၃] မှ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးခင်မောင်ချို LL.B, D.B,L** — **ဒေါ်သီတာအောင် LL.B**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၄၄၄)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၀၀)**

**ဖုန်း–၀၉–၄၄၃၀၇၁၉၈၅၊ ၀၉–၆၈၅၆၈၇၆၈၀**

**အမှတ်–၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ တိုက်အမှတ်(၁)၊မြေညီထပ်(အေ)၊အခန်း အမှတ်(၀၀၆)၊ အကျယ်အဝန်း (အလျား ၁၅ပေ x အနံ ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ခင်ခင် တိုက်ခန်းအမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသည့် အမွေစားအမွေခံသားသမီး/မြေးများဖြစ်သော (၁)ဦးကျော်ကျော်ဝင်း [၇/ရတန(နိုင်)ဂ၁၄၁၈၆]၊(၂)ဦးရွှေသန်းငွေး[၇/ရတန(နိုင်)ဂ၁၅၃ဂ၁](၃)ကွယ်လွန်သူ ဦးရွှေကျော်မင်း(SDG–ဂ၈၆၅၆၇)၏သမီး ဒေါ်အေးစန္ဒာကျော်၊(၄) ဒေါ်ခင်ဝင်းမြင့် [၇/ရတန(နိုင်)၀၀၉၂၉၅]၊ (၅)ဒေါ်လွင်လွင်ဦး[၇/ရတန(နိုင်)၀၀၉၁၇၃] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ချိုချိုမြင့် LL.B, D.B.L, D.I.L** — **ဒေါ်ယဉ်ယဉ်အေး B.A (Law), LL.B, LL.M**

**တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၉၄၃)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၆၇)**

**အမှတ်– ၁၆(က)၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၉၂၂၂၇၆၂၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်–၇၈၄၊ (အလျားပေ၆၀ xအနံပေ၆၀)ရှိ ဦးညွန့်ရွှေ[၁၂/လသန(နိုင်)၀၅၄၇၃၆]အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ဒေါ်သင်းသင်းမိုး[၁၂/သကတ(နိုင်)၀၂၀၃၂၃]ထံမှ ကျွန်ုပ်မိတ်ဆွေမှ စာချုပ်အဆက်အစပ်များအရ ဝယ်ယူလက်ရောက်ရယူထားပြီး၊ မြေငှားဂရန်လျှောက်ထားလိုသည့်အတွက် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား မူရင်းများတင်ပြ၍ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးမင်းဆွေ** | **ဒေါ်နှင်းဝေအောင်** | **ဒေါ်စိမ်းလဲ့စိုး** |
| **(B.A, R.L)** | **(LL.B, D.B.L, D.M.L)** | **(LL.B, D.B.L)** |
| | **DL–101, WIPO(Switzerland), D.A.Psy** | |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၂၀၂၁)** | **(စဉ်–၁၀၉၃၈)** | **(စဉ်–၅၁၉၄၉)** |

**အမှတ်–၈၃၊ အခန်း–၁၄(အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၅၁၉၆၃၇၈၊ ၀၉–၄၃၀၃၁၃၀၉**

## ဝန်ဆောင်မှုအမှတ်တံဆိပ်အမည်အမှတ်အသားကို အများသိစေရန် အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်ညဈေးအနီး၊ အမှတ် – ၆၅တွင် ဖွင့်လှစ်ထားသည့် ခေါက်ဆွဲဖြင့်ပြုလုပ်သော အစားအသောက်များကို အဓိကထား၍ ရောင်းချသော NooDi အမည်ရှိ စားသောက်ဆိုင်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်ဖူးဝေ [၁၂/ကမတ(နိုင်)ဂ၆၇၃ဂ၆] သည် အောက်တွင်ဖော်ပြထားသည့် ဝန်ဆောင်မှုအမှတ်တံဆိပ် အမည်အမှတ်အသားကို လွန်ခဲ့သော(၅)နှစ်ခန့်မှစ၍ ကိုယ်ပိုင်အသိဉာဏ်ဖြင့် တီထွင်ဖန်တီးထားပြီး ယင်းအမှတ်တံဆိပ်ကို ၎င်း၏ NooDi အမည်ရှိ စားသောက်ဆိုင်လုပ်ငန်းတွင် ယနေ့တိုင် အသုံးပြုလျက်ရှိရာ ယင်းဝန်ဆောင်မှု အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်– (၄၆ဂ၆/၂ဂ၂၁) ဖြင့် ( ၂–၁၂–၂ဂ၂၁) ရက်နေ့တွင်လည်းကောင်း၊ မှတ်ပုံတင်စာချုပ်အမှတ် ( ၃ဂ၁၇ / ၂ဂ၂၃) ဖြင့် (၁၇–၃–၂ဂ၂၃) ရက်နေ့တွင်လည်းကောင်း မှတ်ပုံတင်သွင်း မြွက်ဟကြေညာထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်–

NooDi

your Brand your Happiness

**မှတ်ပုံတင်စာချုပ်အမှတ် – ၄၆ဂ၆/၂ဂ၂၁၊**

**မှတ်ပုံတင်စာချုပ်အမှတ်– ၃ဂ၁၇/၂ဂ၂၃**

အထက်ဖော်ပြပါ ဝန်ဆောင်မှုအမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ WIPO ၏ Nice Classification–2023 အမှတ်စဉ်– ၄၃တွင် အကျုံးဝင်သည့် ခေါက်ဆွဲဖြင့် ပြုလုပ်သော အစားအသောက်များ အပါအဝင် အရသာရှိ၍ သန့်ရှင်းသောစားသောက်ဖွယ်ရာများ ရောင်းချပေးသည့် စားသောက်ဆိုင် ဝန်ဆောင်မှုလုပ်ငန်းတွင် သာမက ထပ်မံတိုးချဲ့ဆောင်ရွက်မည့် Catering Service ပေးသည့်လုပ်ငန်းတွင်လည်း အသုံးပြုမည်ဖြစ်ပြီး ဆိုင်းဘုတ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းကြော်ငြာ၊ ငွေရပြေစာ၊ တံဆိပ်တုံး၊ Letterhead၊ ဗွီနိုင်း၊ Website၊ Email၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ Social Media Platform၊ လူသုံးအဆောင်ပစ္စည်းများ၊ အထုပ်အပိုးပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် အဆောက်အဦများတွင် ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍ အရွယ်အစားအမျိုးမျိုးဖြင့် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် တစ်ဝန်းလုံးတွင် ကျယ်ပြန့်စွာ အသုံးပြုမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေက ကိုယ်ပိုင်အသိဉာဏ်ဖြင့် တီထွင်ဖန်တီးပြုလုပ်ထားသော အထက် ဖော်ပြပါ ဝန်ဆောင်မှုအမှတ်တံဆိပ်အမည်အမှတ်အသားကို တီထွင်သူ ဒေါ်မြတ်ဖူးဝေမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှု (သို့မဟုတ်) အသင်းအဖွဲ့တစ်ခုခုမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ တုပပြုလုပ်သုံးစွဲသည်ကို တွေ့မြင်၊ ကြားသိရပါက ယင်းကဲ့သို့ပြုလုပ်သူ မည်သူကိုမဆို တုပပြုလုပ်ထားသည့် အဆိုပါအမှတ်တံဆိပ်အား ဖျက်သိမ်းသည်အထိ ဆောင်ရွက်မည်ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဥပဒေအရ ရထိုက်ခွင့်ရှိသည့် အခွင့်အရေးများအား အပြည့်အဝရရှိနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ –**

**ဒေါ်သဲသိမ့်သိမ့်ထွေး အထက်တန်းရှေ့နေ (စဉ်–၄၈၂၃၀)**

**YE THAW & PARTNERS LAW FIRM LIMITED**

**အခန်း(၃၀၂)၊ တိုက်အမှတ်– A 2၊ ရတနာအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**Ph–09–964555099, 09–253025069**

**yethaw1979@gmail.co,lawyerthaintthaint@gmail.com**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## အများသိစေရန်

Travel Expert Co., Ltd. သည် (၂၃.၃.၂၀၂၃)ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ မန်နေဂျင်းဒါရိုက်တာအဖြစ် ဦးမိုးအောင်၏ နေရာတွင် ဦးစောသိဏ်းဦး(၁၁/သတန(နိုင်)၀၄၅၁၁၀)အား ဦးဆောင်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ခရီးသွားလိုင်စင်နှင့် အခြားလုပ်ငန်းလိုင်စင်များကို ဦးစောသိဏ်းဦး အမည်ဖြင့်သာ လျှောက်ထားစီမံဆောင်ရွက်ပါမည် ဖြစ်သောကြောင့် မည်သူမဆို ကန့်ကွက်လိုပါ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

ဦးစောသိဏ်းဦး ၁၁/သတန(နိုင်)၀၄၅၁၁၀

၀၉ – ၅၁၅၀၃၁၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၅) ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ မြေတိုင်းရပ်ကွက် (၁၀၅)၊ မြေကွက်အမှတ် (၃၃၆)၊ အကျယ်အဝန်းပေ (၄၀ × ၆၀) မြေသည် ဒေါ်မြညွန့် (၁၂/သဃက(နိုင်)၁၀၁၅၆၆) ပိုင်ဆိုင်သော ပါမစ်မြေအမျိုးအစားဖြစ်ပါသည်၊ ၎င်းမြေအနက်မှ ခေါင်းရင်းခြမ်းတွင်ရှိသော (၁၃ပေ × ၆၀ပေ)မြေကွက်အား ဒေါ်မြညွန့်၏ တစ်ဦးတည်း အမွေဆက်ခံပိုင်ခွင့်ရှိသူ ဒေါ်ခင်မာအေး (၁၂/သဃက (နိုင်) ၁၄၃၇၇၂)ထံမှ ဦးဝင်းဇော်မောင် (၁၂/ပဇတ (နိုင်)၀၂၀၀၇၁)မှ ဝယ်ယူထားပါသည်၊ ယခုအခါ အဆိုပါမြေကွက်အား ဦးဝင်းဇော်မောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရံငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်၊ သို့ပါသောကြောင့် အဆိုပါ မြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများယူဆောင်၍ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်၊

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မြင့်မြင့်ငွေး LL.B.,LL.M.,WIPO (Switzerland)**

**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၀၄၇၉)**

အမှတ် (၁၃၈)၊လမ်း(၄၀)၊ကျောက်တံတား၊ ဖုန်း – ၀၉ ၇၈၄၈၄၈၄၇၂

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ကသစ်ပိုင်လမ်း၊ အမှတ် (ခ/၅၂၀)၊ အကွက်အမှတ် (၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွင်း၊ ဦးပိုင်အမှတ် – ၁၉/၁၂၊ မြေအကျယ် (၂၇' x ၉၀') ဂရန်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးလှကြွယ်အမည်ပေါက်ပြီး ဦးလှကြွယ်ထံမှ အမွေခွဲဝေသည့် စာချုပ်အရ ပိုင်ဆိုင်လက်ရောက်ရရှိသူ သမီးဖြစ်သူ ဒေါ်အိမင်းကြွယ် [၁၂/သလန(နိုင်)၀၈၉၃၆၁] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်လွင်ဦး (ဥပဒေတွဲ့)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၉၅)**

**အမှတ် (၅၀)၊ ဒုတိယထပ်/ဝဲ၊ အခန်း (၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း –၀၉–၅၀၂၁၄၂၂၊ ၀၉–၉၆၅၀၂၁၄၂၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၆ရပ်ကွက်၊ မြေကွက်အမှတ်–၅၅၀၊ ပေ(၂၀x၆၀)အဆောက်အဦပါ ပါမစ်မိတ္တူ အမည်ပေါက် ဦးမြင့်စန်း(L/RGN–၀၂၉၁၅၇)ထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်မြင့်မြင့်သိန်း [၁၂/ဥကတ(နိုင်) ၀၃၀၅၂၅]က ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်း၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မာလာဝင်း(LL.B,D.B.L)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၁၈၁)(၂၃–၁၂–၂၀၁၄)**

**အမှတ်–၂/၆၀၆၊ သီတဂူလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**Ph:09–43040755**

## ကန်ထရိုက်တာ ဦးအောင်မြတ်သက်[၁၂/စခန(နိုင်)၀၁၅၂၇၂]အား အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇမာအေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ် (၂၄၉)နေ ကျွန်ုပ်၏မိတ်ဆွေမြေပိုင်ရှင်ဖြစ်ကြသော ဦးသက်နိုင်[၁၂/မဂတ(နိုင်) ၀၅၇၃၃၅]၊ ဒေါ်ယဉ်ယဉ်မိုး[၁၂/မဂတ(နိုင်)၀၅၇၁၂၇]၊ ဦးဝင်းနိုင်[၁၂/မဂတ(နိုင်) ၀၅၇၁၄၇]၊ ဒေါ်မိမိခိုင်[၁၂/မဂတ(နိုင်)၀၅၇၁၂၈]တို့မှ အမှတ်(၇၀၉)၊ ယုဇနလမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေ ဦးအောင်မြတ်သက်(ဘ) ဦးသက်နီ[၁၂/စခန(နိုင်)၀၁၅၂၇၂]အား အထွေထွေကိစ္စများဆောင်ရွက်ရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၁၀၅၉၇/၂၀၁၆(၂၃–၁၁–၂၀၁၆)ဖြင့် ကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ပါသည်။ ယခုအခါ အထက်အမည်ပါ ကျွန်ုပ်၏မိတ်ဆွေများမှ ကိုယ်စားလှယ်လွှဲစာကို ဆက်လက်လွှဲအပ်ပေးရန် ဆန္ဒမရှိတော့ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ်–၁၀၅၉၇/၂၀၁၆ (၂၃–၁၁–၂၀၁၆)အား ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁၁–၃–၂၀၂၃ ကြေးမုံသတင်းစာ (စာမျက်နှာ–၂၃)တွင်လည်း ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာထားပြီးဖြစ်ပါသည်။

**ဦးသက်နိုင်၊ ဒေါ်ယဉ်ယဉ်မိုး၊ ဦးဝင်းနိုင်၊ ဒေါ်မိမိခိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအုန်းမြင့်** | **ဒေါ်ကေခိုင်မွန်** |
| **B.Sc(Q), C.T Med, HGP, RL , DBL, DML, DIL,DAPsy,D.A.E** | **LL.B, DBL, DML, DIL,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၅၈)** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း–၀၉–၄၃၁၁၉၀၁၃** | **(စဉ်–၁၅၄၉၀)** |

**အမှတ်–၇၄၉၊ မြရတနာ (၆)လမ်း၊ ၂၄–ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ–၅လမ်း၊ တိုက်–၂၅၊ အခန်း–၀၀၁၊ မြေညီထပ်နေ ဦးဗိုလ်ဗိုလ်အောင် [၁၂/သကတ(နိုင်)၁၅၈၇၀၁] ပိုင်ဆိုင်သော ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၁၁၁၃နှင့်ကပ်လျက်ညာဘက်ခြမ်း၊ (၇၉)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း အကွက်အမှတ်–၁၁၁၄(ပါမစ်မြေ)(၂၀' x ၆၀') ကို အင်းစိန်မြို့နယ်၊ ရွာမအလယ်ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဒေါ်ဖြူမ [၁၁/ကတန(နိုင်)၀၃၃၃၁၁]မှ ဝယ်ယူရန် စရန်ငွေပေးပြီး ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ကြေညာပြီး(၇)ရက်အတွင်း ဒေါ်ဖြူမထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးဆုံးကြောင်းထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဖြူမ**

**Ph: 09–402911512**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်၊ မြင်းမူးကျေးရွာအုပ်စု၊ မြင်းမူးကျေးရွာ၊ ရွာမကြီး၏ ဒုတိယလမ်းမကြီးပေါ်ရှိ (အလျား ၅၃ပေ x အနံ ၁၂၄ ပေ)ရှိ အိမ်ခြံမြေအား ဖခင်ဖြစ်သူ ဦးမျိုးဆွေ၊ မိခင်ဖြစ်သူ ဒေါ်သဇင်ဝေတို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အဆိုပါအိမ်ခြံမြေအား သားဖြစ်သူ ဦးသူရမျိုး၊ ဦးရဲသူအောင်၊ သမီးဖြစ်သူ ဒေါ်ဖြူဖြူသွယ်တို့အား "မိသားစု အမွေပုံစီမံခန့်ခွဲ" စာချုပ်ပြုလုပ်၍ အမွေပုံကြိုတင်ပေးအပ်ခြင်းကိစ္စနှင့် အစ်ကိုဖြစ်သူ ဦးသူရမျိုးမှ ညီဖြစ်သူ ဦးရဲသူအောင်သို့ ၎င်းအမွေဝေစုဖြစ်သော (အလျား ၁၈' x အနံ ၁၂၄')ခန့်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ဖော်ပြပါကိစ္စများနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇) ရက်အတွင်း ခိုင်မာသော အထောက်အထားများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အထက်ပါ ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဝင်းဇော်အောင် (ဥပဒေတွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၃၀)**

**ဖုန်း – ၀၉–၄၃၀၆၄၆၇၆၊ ၀၉–၇၇၄၃၀၆၄၆၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့်– ၅၊ နည်းဥပဒေ– ၂၀)**

**ဗိုလ်တထောင်မြို့နယ်တရားရုံးတော်၌**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၁**

**(မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်)**

(၎င်းကိုယ်စား ဦးစန်းအောင် နှင့် ဦးကောင်းမြတ်နိုင် Assistant Vice President)

**(တရားလို)** — **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၁၄)နေ တရားပြိုင်ဖြစ်သော ဦးကောင်းမြတ်နိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အကြွေးဝယ်ကတ်(Credit Card)ချေးငွေရလိုမှု"** လျှောက်ထား စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ(၂၄)ရက်၊ (၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်)မွန်းမတည့်မီ(၁၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူသည် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သော စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မတ်လ(၂၄)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်ကျော်)**

**တွဲဖက်မြို့နယ်တရားသူကြီး**

**ဗိုလ်တထောင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ နဝဒေးလမ်း၊ မြေကွက်အမှတ်(၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၈)ဟုခေါ်တွင်သော ပေ(၂၀x၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၌ ဦးကိုကိုလတ် အမည်ဖြင့် နှစ်(၆၀) ဂရန်ထွက်ရှိပြီး ယခုအခါတွင် အထက်ပါ မြေကွက်နှင့်နေအိမ် အဆောက်အဦအား တရားဝင်လက်ရှိထား ပိုင်ဆိုင်သူ ဦးအုန်းမြင့် [၁၂/လသန(နိုင်)၀၀၃၉၈၅] ကိုင်ဆောင်ထားသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူ ဦးလှကြိုင် [၁၄/ညတန(နိုင်)၀၄၀၆၆၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်မည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ် ကိစ္စအား ကန့်ကွက်လိုသူများ ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ အပြီးသတ် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှကြိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်ဝင်းသိန်း(ထန်းတပင်)** | **ဒေါ်အိအိအောင်** |
| **(LL.B)** | **(LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၉၈၈၄)** | **(စဉ်–၁၂၈၇၅)** |

**"မြင့်မိုရ်" ဥပဒေအတိုင်ပင်ခံနှင့်အမှုလိုက်ရှေ့နေများအုပ်စု**

**ရုံးခန်း – အမှတ်(၃၉/က)၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်၊**

**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။ ဖုန်း – ၀၉–၄၂၁၀၆၉၃၀၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **မိမိတို့နိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန် အဓိကတာဝန်ရှိ...**

❖ **ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသည့် အပြုအမူမှန်သမျှကို ဥပဒေနှင့်အညီ ကာကွယ်တားဆီးခြင်းသည် သမိုင်းပေးတာဝန် ထမ်းဆောင်ခြင်းသာဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်) ၂-၁၂-၂၀၂၂

# (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်

**နေပြည်တော် မတ် ၂၄**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

စစ်ရေးပြ လေ့ကျင့်မှုတွင် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့်သတိပေးချက်

**နေပြည်တော် မတ် ၂၄**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ မတ် ၂၈ ရက်မှ ၃၁ ရက်အတွင်း အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးတိမ်တောင်များဖြစ်ထွန်းခြင်း၊ အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## FIFA-MFF U15 Youth League 2023 ပြိုင်ပွဲ
## အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ဇုန်ခွဲ၍ ကျင်းပမည်

**ရန်ကုန် မတ် ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်မျိုးဆက်သစ်များ ဘောလုံးလှုပ်ရှားမှုများတွင် ပါဝင်လာရေး၊ ပြည်တွင်းလူငယ်ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပနိုင်ရေး၊ မျိုးဆက်သစ်လူငယ်ကစားသမားများ ပေါ်ထွက်လာရေး၊ FIFA, AFC, AFF လူငယ်ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင် လူငယ်အသင်းများ အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လမ်းညွှန်ချက်များအတိုင်း

**စာမျက်နှာ ၁၉ ကော်လံ ၄ သို့** ❐

**ယနေ့ ဖတ်စရာ**

**အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကို တာဝန်ခံသည့် တပ်မတော်**

ဆောင်းပါး စာမျက်နှာ » ၆

**အိန္ဒိယဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုအား အရည်အသွေးမမီသည့် ချောင်းဆိုးပျောက်ဆေးထုတ်လုပ်မှုဖြင့် လုပ်ငန်းလိုင်စင်ရုပ်သိမ်း**

စာမျက်နှာ » ၁၂